မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၄)

ပြည်ပထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်အောင် သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုဇုန်များမှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူက ရွှေပြည်သာစက်မှုဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းမှူးက စက်မှုဇုန်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ချမ်းသာချင်လျှင် စိတ်ကောင်းထားပါ

သတ္တဝါတိုင်းသည် ချမ်းသာကို အလိုရှိကြကုန်၏။ ဤချမ်းသာသုခကို မိမိ၏ မိဘ၊ ဆွေမျိုးကအစ မည်သည့်တန်ခိုးရှင်၊ မည်သည့်ပုဂ္ဂိုလ်မျိုးကမျှ ပေးနိုင်မည်မဟုတ်ပါ။ ''စိတ္တေန နီယတေ လောကော'' ဆိုသည့်အတိုင်း လောကကြီးကို စိတ်က ဦးဆောင်နေသည့်အတွက် မိမိသန္တာန်မှာထားသည့် ကောင်းမြတ်သော စိတ်ကသာ ချမ်းသာသုခကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ချမ်းသာသုခကို အလိုရှိလျှင် အရာရာမှာ စိတ်ကောင်းထားတတ်ရန် လိုအပ်ပါသည်။

ဘဒ္ဒန္တသာသနာဘိဝံသ
မန္တလေး၊ မြတောင်ကျောင်းတိုက်

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ မင်းရွာအနီး တည်ဆောက်ဖွင့်လှစ်ထားသော မင်းကန်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေသိုလှောင်ထားရှိမှုကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြိုင်မြို့နယ် မင်းကန်ရေလှောင်တမံမှ စိုက်ပျိုးရေများပေးဝေ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာ

➢ သတင်းမှတ်စု - တင်မာဝင်းနှင့် အေးသန္တာသိန်း ➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် စက်တင်ဘာ ၂၃

စိမ်းလန်းစိုပြည်လှသည့် တောတောင်များမှ သဘာဝအလျောက် စီးဆင်းလာသည့် မြစ်ရေများနှင့် သဘာဝမိုးရေများကို ဆုံးရှုံးမှုမရှိစေရန် ရာသီတိုင်း လယ်ယာမြေများ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း ဆည်မြောင်း၊ တာတမံများစွာ ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံရေးဟူသည် ဉာဏ်ပညာဖြင့် စေ့ဆော်စည်းရုံးဦးဆောင်ရမည့် လုပ်ငန်းဖြစ်ရာ တည်ဆဲဥပဒေများကို လေးစားလိုက်နာခြင်း၊ ဥပဒေဘောင်အတွင်းမှ လှုပ်ရှားဆောင်ရွက်ခြင်းတို့ဖြင့် တရားဥပဒေများ ပိုမိုတည့်မတ် ခိုင်မာသက်ဝင်အောင် စွမ်းဆောင်ကြိုးပမ်းကြရမည်သာ ဖြစ်သည်။

တင်မင်းကျော်၏ ဆောင်းပါး
စာ ၈ နှင့် ၉ တို့တွင် ဖတ်ရှုနိုင်ပါသည်။

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ(၅)

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကုန်တင်ယာဉ်အလေးချိန်သတ်မှတ်ခြင်း၊ ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ခြင်း (Axle Load Limit) ကို ကျယ်ပြန့်စွာဆောင်ရွက်ရန် ကြိုးစားနေပြီဖြစ်ပါသည်။

ယခုအခါ ယာဉ်စီးရေနှင့် အမျိုးအစားများပြားပြီးလျှင် တစ်စီးနှင့်တစ်စီး ကွဲပြားခြားနားမှုများသဖြင့် ယာဉ်တစ်စီးစီ၏ သက်ရောက်မှုအစား

စာမျက်နှာ ၁၀ ကော်လံ ၁ ■

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းအညွှန်း
အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ(၄)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်)

ယာဉ်အန္တရာယ်ကင်းဝေးရေး ယာဉ်နှင့်လမ်းစည်းကမ်း တိကျစွာလိုက်နာ

ယနေ့နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ယာဉ်သုံးစွဲမှုများသည်လည်း များပြားလာခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန်အတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆဖြစ်ပွားရသည့် အကြောင်းရင်းများတွင် မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ ခရီးသည်၏ပေါ့ဆမှု၊ လမ်းကူးသူများ၏ပေါ့ဆမှု၊ အနေးယာဉ်များ၏ပေါ့ဆမှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ အရက်သေစာသောက်စားပြီး မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် အများဆုံးဖြစ်ပွားလေ့ရှိသည်။

လမ်းဆုံမီးပွိုင့်၊ လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်၌ လမ်းသွားလမ်းလာများ လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းကြရန်နှင့် ယာဉ်များမှလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်သည်။ လမ်းအသုံးပြုသူများကလည်း လူကူးမျဉ်းကျားမှသာ စနစ်တကျ ဖြတ်ကူးကြရမည်ဖြစ်သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်လမ်းကြော မှားယွင်းစွာမောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့ရပ်တန့်ခြင်းတို့ကို ယာဉ်မောင်းသူများက အထူးသတိပြု ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သောယာဉ်များကို ဓာတ်ပုံမှတ်တမ်းတင်ခြင်းဖြင့်လည်းကောင်း၊ အရှိန်နှုန်းတိုင်းကိရိယာများ အသုံးပြုမှတ်တမ်းတင်ခြင်းဖြင့်လည်းကောင်း စဉ်ဆက်မပြတ် စိစစ်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယာဉ်စည်းကမ်းဖောက်ဖျက်မှု လျော့နည်းစေရန်၊ ယာဉ်မတော်တဆဖြစ်မှုများ မဖြစ်ပွားရန်နှင့် ပြည်သူများ သတိပြုလိုက်နာရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲများကို အခါအားလျော်စွာပြုလုပ်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား သင်တန်းများ ပို့ချပေးခြင်း၊ ဟောပြောပွဲများ ကျင်းပပေးခြင်းတို့ဖြင့် ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်မောင်းသူများက ယာဉ်စည်းကမ်းကို တိကျစွာ လိုက်နာကြရမည်ဖြစ်သကဲ့သို့ ပြည်သူများအပိုင်းကလည်း အသိစိတ်ဓာတ်ရှိရှိဖြင့် လမ်းစည်းကမ်းများကို ဂရုပြုလိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်ကြောင့် ဆုံးရှုံးမှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၂၄-၉-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅:၃၀ ၇။ မွေးမြူသုတ
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၈)
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ** (အပိုင်း-၇)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဟသ်ာတမြို့ရှိ ရပ်ကွက်ပြည်သူများအားတွေ့ဆုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဇလွန်မြို့နယ်နှင့် ဟသ်ာတမြို့နယ်တို့၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဟသ်ာတမြို့ ရွှေကူရပ်ကွက်၌ ရွှေကူ၊ ကင်း၊ ဆန်ကာ၊ ဥယျာဉ်တောင်၊ ဥယျာဉ်မြောက်၊ ပခန်းနှင့်လက်သမား ရပ်ကွက်တို့မှ ပြည်သူများနှင့်တွေ့ဆုံရာ **(အပေါ်ပုံ)** ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က မြေယာမူဝါဒဆိုင်ရာနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဟသ်ာတခရိုင်ဥက္ကဋ္ဌဦးလှဝေက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးသည် ဟသ်ာတမြို့ တာကလေးရပ်ကွက်၌ တာကလေးနှင့် ပတ္တမြားရပ်ကွက်တို့မှ ပြည်သူများအားလည်းကောင်း၊ ပန်းဘဲတန်းရပ်ကွက်၌ ပန်းဘဲတန်း၊ ရွာသာကုန်း၊ အုန်းကုန်းနှင့် ကနောင်စု ရပ်ကွက်တို့မှ ပြည်သူများအားလည်းကောင်းတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အမှတ်(၇) ရပ်ကွက် ရိပ်သာ(၁)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ်၁၈ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးအောင်မိုးသွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၂၅-၉-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း +ကြေညာချက်
၇:၀၅ တရားတော် **(ရတနသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် +သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ကျောင်းတက္ကသိုလ်ပြီးတော့ ဘဝတက္ကသိုလ်)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ **(၁၇)ကြိမ်မြောက် အဆို၊အက၊အရေး အတီးပြိုင်ပွဲဝင်များ လေ့လာရန်** ခေတ်ဟောင်း/ကာလပေါ်တေး/ ခေတ်အကြိုက်တေး သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးသီချင်း
၁၂:၂၅ အလုပ်အကိုင်အခွင့်အလမ်း (ရှေ့နေချုပ်ရုံး)
၁၂:၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ဇာတကနှင့် ရာမ)
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
၁၄:၀၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (အကျိုးမအောင်တဲ့ ဖိုးထောင်)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုးပိုင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (လိမ္မာခြင်းနှင့်ယဉ်ကျေးသူ) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၁:၅၀ အဖိတ်နေ့နှိုးဆော်ချက်
၂၂:၀၀ အစီအစဉ်ပြီး၏။

စာကြည့်တိုက်များ စံ(၅)ချက်ညီညွတ်ရေးနှင့် စာဖတ်ရှုနှုန်းမြှင့်တင်ရေး ဗဟန်း၌ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားစနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ရက် နံနက် ၁၀နာရီက ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာငှားစနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှုနှုန်းမြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။ ဆက်လက်၍ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာစက်မှုဇုန်ရှိ ဆောက်လုပ်ရေးသုံး သံထည်ပစ္စည်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး၊ မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆောက်လုပ်ရေးသုံး သံထည်ပစ္စည်းစက်ရုံ၊ ခေါက်ဆွဲနှင့် မြူစွမ်စက်ရုံနှင့် ဆန်အချောဖွပ်စက်ရုံများသို့ သွားရောက်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၄ရက်မှ ၂၃ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၃ရက်အထိလည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ကျင်းပမည်ဖြစ်သည်။

ဖြေဆို

ဌာနခွဲ အသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်သင်တန်းများနှင့် ဥပဒေပညာအထူးပြု စတုတ္ထနှစ် ကျောင်းသားကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများ၌ စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့်သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ဒီဂရီကောလိပ်များ၌ ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကွင်းဆင်းစစ်ဆေး

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံပြရပ်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေး ဦးဆောင်သောအဖွဲ့ စက်တင်ဘာ ၁၅ရက်က တာမွေလေးရပ်ကွက် ပညာအလင်းတန်း စာကြည့်တိုက်၌ ကွင်းဆင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ ဆက်)

စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း နည်းပညာသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စပါးမျိုးကောင်း မျိုးသန့် ထုတ်လုပ်နည်း နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၁ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမျိုးစေ့ဌာနခွဲ သင်တန်းခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

စိုက်ကေတိုးချဲ့

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆန်စပါးသည် နိုင်ငံသားများ၏ အဓိကစားသုံးသီးနှံ ဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများ၏ စားနပ်ရိက္ခာလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု အထောက်အကူဖြစ်စေရေးအတွက် ဆန်စပါးပိုမိုထွက်ရှိရေးကို စိုက်ကေတိုးချဲ့ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးစေခြင်း နည်း(၂)နည်းဖြင့် ဆောင်ရွက်နေကြောင်း၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ပုဂ္ဂလိကနှင့် အကျိုးဆောင်တောင်သူများ သိသင့်သိထိုက်သည့် အချက်များ သိရှိနိုင်ရန်ယခုသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသော မျိုးကောင်း မျိုးသန့်ပွားမှု အဆင့်ဆင့်နှင့် စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်သည့် အခြေခံမျိုးအဆင့်(၁)၊ မျိုးအဆင့်(၂)၊မျိုးသန့်အဆင့် (၁)၊မျိုးသန့်အဆင့်(၂) စပါးမျိုးများ၊ အထွက်ကောင်း စပါး၊ ဆန်များနှင့် နည်းပညာပေးစိုက်ပျိုးရေး စာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ ပုဂ္ဂလိက ကုမ္ပဏီနှစ်ခုမှ သင်တန်းသား(၅၁)ဦးတက်ရောက်ကြပြီးသင်တန်းကာလမှာငါးရက်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ဒေသဝမ်းစာ

၂၀၀၈ခုနှစ် ဇူလိုင်၃၀ရက်က ဖွင့်လှစ်ပေးလိုက်သည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ရွာအနီးရှိ မင်းကန်ရေလှောင်တမံကြောင့် မိုးခေါင်ရေရှားခဲ့သည့် ပခုက္ကူဒေသမှာ စိုပြည်စိမ်းလန်းခဲ့ပေပြီ။ မိုးတွင်းကာလ၌ ရွာသွန်းခဲ့သည့် မိုးရေကို အကျိုးမဲ့ မဖြစ်စေတော့ဘဲ မင်းကန်ရေလှောင်တမံအတွင်း သိုလှောင်ထားနိုင်ပြီဖြစ်၍ လယ်ယာမြေများကို ရေပေးဝေနိုင်ခဲ့ရာ ဒေသဝမ်းစာ ဖူလုံရုံမျှမက သောက်သုံးရေ ဖူလုံမှုကိုပါ ရရှိခံစားနေကြရပြီဖြစ်သည်။

မင်းကန်ရေလှောင်တမံသည် မင်းကန်ကျေးရွာအနီး ပိတောက်ချောင်းကိုပိတ်ကာ တည်ဆောက်ထားသည့် မြေသားတမံ အမျိုးအစားဖြစ်သည်။ အမြင့်ပေ ၄၀၊ အလျားပေ ၂၁၀၀ရှိကာ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၉၀ရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုသည့်အပြင် စပါးနှင့် အခြားသီးနှံဧက ၂၀၀အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

လူမှုစီးပွား

တောင်သူဦးကြီးများအနေဖြင့် မိုးတွင်းကာလတွင်သာမက နွေရာသီ၌ပါ မင်းကန်ရေလှောင်တမံမှ ဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ဆေးတက္ကသိုလ်(၂)အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၃

ဆေးတက္ကသိုလ်(၂) ၁၉၇၂-၁၉၈၀ ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၂ရက် (စနေနေ့)တွင် M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် ဆရာကန်တော့ပွဲအပြီး၌ ဇန်နဝါရီ ၃ရက်မှ ၅ရက်အထိ ချောင်းသာခရီးစဉ်ကို သီးခြားထည့်ဝင်ငွေဖြင့် သွားရောက်မည်ဖြစ်သည်။ ဆရာကန်တော့ပွဲကြီးကို သူငယ်ချင်းအားလုံး စုံစုံညီညီတက်ရောက်နိုင်ရေး၊ ပျော်ရွှင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်လိုပါက ဒေါက်တာစိန်ဝင်း-ဒေါက်တာခင်သန်းဝင်း ဖုန်း-၀၁-၇၂၂၇၆၀၊ ဒေါက်တာထွန်းဦး - ဒေါက်တာဆွေဆွေစိုး ဖုန်း-၀၁-၅၂၄၄၇၄၊ ၀၁-၇၀၇၆၈၆၊ ဒေါက်တာ စောအောင်ငွေ ဖုန်း-၀၁-၆၉၉၅၁၄၊ ၀၁-၂၀၃၁၆၅၊ ၀၉-၅၁-၀၈၃၁၄၊ဒေါက်တာထင်လှ-ဒေါက်တာဥမ္မာကျော် ဖုန်း-၀၁-၆၆၆၄၆၉၊ ၀၉-၅၁-၇၂၄၂၉၊ ၀၉-၅၀-၈၃၁၅၇၊ ဒေါက်တာခင်သန်းနွယ် ဖုန်း-၀၁-၅၇၉၉၇၆၊ ၀၉-၅၃-၂၀၆၃၃၊ ဒေါက်တာသန်းအောင် ဖုန်း-၀၁-၂၂၁၆၆၂၊ ၀၉-၅၁-၀၄၄၈၄၊ ဒေါက်တာမြင့်မြင့်မူ ဖုန်း-၀၁-၅၀၇၄၂၇၊ ၀၉-၈၀-၂၄၀၈၄၊ ဒေါက်တာစုစုအောင် ဖုန်း-၅၄၆၇၇၃နှင့် ဒေါက်တာလဲ့လဲ့ဝင်း ဖုန်း- ၅၅၈၉၁၀၊ ၀၉-၅၁-၅၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြင်ရွာလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၃ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လောက်ကိုင်မြို့၌ မူးယစ်ဆေးဝါးထုတ်လုပ်သည့် ဓာတုပစ္စည်းများနှင့် ယမ်းမှုန့်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံ မူးယစ်အထူးအဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ရက် ည ၉နာရီခန့်တွင် လောက်ကိုင်မြို့ တုံချိန်ရပ်ကွက်ရှိ ရှောက်ပူးဆိုသူပိုင် တိုက်ခန်းအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးများဖြစ်သည့် ဆိုဒီယမ် ၂၅၀ ဂရမ်ဝင် ဘူး ၄၄၀၊ ပိုတက်ဆီယမ်ကလိုရိုဒ် ၅၀၀ဂရမ်ဝင် ဘူး ၁၂၀၀၊ ပိုတက်ဆီယမ်ပါမင်ဂနိတ် ၅၀၀ မီလီလီတာဝင် သုံးပုလင်း၊ သိုင်အိုနိုင်းကလိုရိုဒ် ၅၀၀ မီလီလီတာဝင် ငါးပုလင်း၊ ဒိုင်အီသိုင်းအီသာ ၅၀၀ မီလီလီတာဝင် တစ်ပုလင်း၊ ရော်ဘာဖော့ဆို့ ခြောက်ခု၊ အရှည် ရှစ်လက်မခန့်ရှိ အယ်လ်ပုံသဏ္ဌာန်ဖန်ပြွန်ချောင်း ၁၀ချောင်း၊ အညိုရောင်ယမ်းမှုန့် ၁၀ ကီလိုခန့်နှင့် ထိုပစ္စည်းများတင်ဆောင်ထားသည့် သုံးဘီးဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိကြောင်း၊ ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် စက်တင်ဘာ ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းတွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၄ရက်ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



အီရတ်၌ ပစ်ခတ်တိုက်ခိုက်မှုများ ပြင်းထန်ဆဲ

ကလေးငယ်နှင့် အမျိုးသမီးများအပါအဝင် အရပ်သားများစွာ သေဆုံးဒဏ်ရာရမှုများဖြစ်ပေါ်

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံအတွင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာနေကြသော်လည်း နေရာအနှံ့တွင် အကြမ်းဖက်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အကြမ်းဖက်သမားများက အီရတ်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်များအား ပစ်မှတ်ထားကာ တိုက်ခိုက်လျက်ရှိသော်လည်း အပြစ်မဲ့သည့်ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် အရပ်သားများစွာ သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ပြောကြား

တယ်အာဖာမြို့၌ အမည်မသိသေနတ်သမားတစ်စု၏ပစ်ခတ်မှုကြောင့် လေးနှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

မဆင်မခြင်ပစ်ခတ်

စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက ကလေးငယ်မှာ နေအိမ်အတွင်း ဆော့ကစားနေစဉ် ၄င်း၏အိမ်ရှေ့၌ သေနတ်သမားတစ်စု၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

အယ်လ်ခိုင်ဒါအဖွဲ့ဝင် ၅၂ဦး အီရတ်လုံခြုံရေးတပ်ဖွဲ့ဖမ်းဆီး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ အယ်လ်ခိုင်ဒါအဖွဲ့ဝင် ၅၂ဦးအား အီရတ်အာဏာပိုင်များက စက်တင်ဘာ ၂၁ရက်တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အီရတ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ ၅၂ဦးအား ဘဂ္ဂဒက်မြို့တောင်ဘက်ကီလိုမီတာ ၃၀ခန့်အကွာရှိ ဂျုပ်ဖ်အယ်လ်ဆာကားမြို့မှ ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သိမ်းဆည်းရမိ

အဆိုပါဒေသ၌ လက်နက်ခဲယမ်းများနှင့် ဗုံးများအပါအဝင် လက်နက်တိုက်ကိုလည်း တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံဗုံးဖောက်ခွဲမှုအတွင်း အရပ်သားများ ထွက်ပြေးတိမ်းရှောင်နေသည်ကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်-အာဖဂန် သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၂၃ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၈၇၆၆ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၅၉၅၈၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၈၇၆၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၅၉၅၈၅ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် စက်တင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ၂၃ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၀၄၀ ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၇၆၇၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၀၄၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၇၆၇၁ ဦး

(အင်တာနက်)

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၃၅၀အကွာရှိ အာဘီမြို့တွင် အသေခံကားဗုံးပေါက်ကွဲမှု၌ ဒဏ်ရာရရှိသွားသည့် ကလေးအား စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် စက်တင်ဘာ ၂၀ရက်က အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၈၀အကွာရှိ ဘာလတ်လေတပ်အခြေစိုက်စခန်းတွင် ယင်းနေ့ညပိုင်းက ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ ပျက်ကျခဲ့သည့် အကြောင်းရင်းကိုလည်း အတိအကျမသိရသေးကြောင်း သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်၏ အမည်ကို သတင်းထုတ်ပြန်ခြင်းမပြုခဲ့ပေ။

ကျူးကျော်

၂၀၀၃ခုနှစ်မှ စတင်ကာ အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၃၄၄ဦးရှိသွားပြီဖြစ်သည်။

ပါဝင်

အယ်လ်ဘာကာ လေတပ်အခြေစိုက်စခန်းဟုလူသိများသည့် ဘာလတ်လေတပ်မှာ အီရတ်ရှိ အမေရိကန်၏အကြီးဆုံးစစ်အခြေစိုက်စခန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်တွင် လုံခြုံရေးတပ်ဖွဲ့ စစ်ဆင်ရေးဆင်နွှဲ

ကဘူးလ် စက်တင်ဘာ ၂၃

အာဖဂန်နစ္စတန်တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် နေတိုးဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့နှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး ဆင်နွှဲမှုအတွင်း စစ်သွေးကြွများအား ဖမ်းဆီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပစ်ခတ်ဖမ်းဆီး

ပူးပေါင်းတပ်ဖွဲ့သည် ခို့စ်ပြည်နယ်အရှေ့ပိုင်းရှိ ဖောက်ခွဲရေးပစ္စည်းများသိုလှောင်ထားရာ အဆောက်အအုံများကို စီးနင်းတိုက်ခိုက်ခဲ့သည့်အပြင် တာလီဘန်တပ်မှူးတစ်ဦးအား ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထို့ပြင် တီအန်တီဖောက်ခွဲရေးပစ္စည်းများ၊ မိုင်းတစ်လုံး၊ အေကေ-၄၇ ရိုင်ဖယ်ခုနစ်လက်၊ လက်ပစ်ဗုံးများနှင့် ဆက်သွယ်ရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ဘက် ဘာလာဒီရတ်ခရိုင်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်ရှိ နိုင်ငံစုံတပ်ဖွဲ့များအား ပစ်မှတ်ထား တိုက်ခိုက်

ကဘူးလ် စက်တင်ဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသ၌ စက်တင်ဘာ ၂၀ရက်တွင် အကြမ်းဖက်သမားများက နိုင်ငံစုံတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အကူအညီပေး တပ်ဖွဲ့ (အိုင်ဆက်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ဖော်ပြ

ထို့ပြင် အာဖဂန်နိုင်ငံ တောင်ပိုင်းဒေသ၌ ရန်လိုတိုက်ခိုက်မှုမဟုတ်သည့်ဖြစ်ရပ်အတွင်း နိုင်ငံစုံတပ်မှအခြားတပ်ဖွဲ့ဝင်နှစ်ဦး စက်တင်ဘာ ၂၀ရက်က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ပြောကြား

အဆိုပါတပ်ဖွဲ့ဝင်များသည် အမေရိကန်ပြည်ထောင်စုမှဖြစ်ကြောင်း နိုင်ငံစုံတပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဝိန့်ရှန့်က ပြောကြားသည်။ သို့ရာတွင် ၄င်းတပ်ဖွဲ့ဝင်များ သေဆုံးသည့်နေရာနှင့် အခြားအချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်းသိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ရေးမြို့နယ် ကမ်းဝေးငါးဖမ်းရေယာဉ်များ စနစ်တကျဖြစ်ရေးနှင့် လုပ်ငန်းစည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ရေးမြို့နယ်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ပင်လယ်ပြင်သို့ ငါးဖမ်းရန်ထွက်ခွာခြင်း၊ ပြန်လည်ဝင်ရောက်ခြင်းများ စနစ်တကျဖြစ်စေရေးနှင့် လုပ်ငန်းစည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာ၌ကျင်းပရာ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် ရေယာဉ်မောင်းနှင်သူများ တက်ရောက်ကြသည်။

ရှင်းလင်း

ဆွေးနွေးပွဲတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က ကမ်းဝေးငါးဖမ်းရေယာဉ်များအား ပင်လယ်ပြင်သို့ ငါးဖမ်းရန်ထွက်ခွာခြင်း၊ ပြန်လည်ဝင်ရောက်ခြင်းများ စနစ်တကျရှိစေရေးနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

စည်းကမ်းချက်

ထို့နောက် ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်နှင့် အစင်ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ရေလုပ်ငန်းများနှင့် ရေလုပ်ငန်းရှင်များ တိကျစွာလိုက်နာရမည့် လုပ်ငန်းစည်းကမ်းချက်များကို ရှင်းလင်းတင်ပြကြသည်။

အစီအစဉ်

ယင်းနောက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဇီးဖြူသောင် ငါးလုပ်ငန်း စစ်ဆေးရေးစခန်းကို စနစ်ကျသော Check Point ဖြစ်လာစေရေး ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)



သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (ပြင်ဦးလွင်) ၂၀၀၉-၂၀၁၁ခုနှစ် အခြေခံသစ်တော ပညာသင်တန်း အမှတ်စဉ် (၁၀၅) သင်တန်းဖွင့်ပွဲကို ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ စက်တင်ဘာ ၁ရက်က ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် အဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း အင်တာနက်သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း ပညာလုပ်ငန်းကော်မတီက ဦးဆောင်ဖွင့်လှစ်ခဲ့သော Applied e.Mails, Internet and Searching Website Application သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် ပညာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်တို့က သင်တန်းဆင်းအမှာစကားပြောကြားကြပြီး အလုပ်အမှုဆောင်များက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ (အောက်ပုံ)

Applied e.Mails, Internet and Searching Website Application သင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည်။ E. Custroms On Line ID Application လေ့ကျင့်ရေးသင်တန်းကို အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများအတွင်း ကျင့်သုံးဆောင်ရွက်လျက်ရှိသော ကုန်ပစ္စည်းများ မဆိုက်ရောက်မီ သွင်းကုန် ကုန်သေတ္တာများ ကြိုတင်ရှင်းလင်းခြင်းလုပ်ငန်းကို မိမိတို့နိုင်ငံတွင် စတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်လာသည့်အခါ အကောက်ခွန်ဝန်ဆောင်မှု အေးဂျင့်များ (အဆင်သင့်လွယ်ကူစွာလုပ်ကိုင်ဆောင်ရွက်)တတ်စေရန်နှင့် မိမိတို့အကောက်ခွန် ဝန်ဆောင်မှုအေးဂျင့်များ နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် သင်တန်းသားစုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အခွန်အပြည့်အဝကောက်ခံရရှိရေး ဆွေးနွေး

ကျောက်မဲ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၁နာရီက စားသောက်ဆိုင်လုပ်ငန်းများအပေါ် အခွန်အပြည့်အဝရရှိရေးလုပ်ငန်းစီမံချက်ဆိုင်ရာ အခွန်ရှင်းလင်းပွဲကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးသင်းထွန်းဟန်က စားသောက်ဆိုင်လုပ်ငန်းများအပေါ် အခွန်အပြည့်အဝရရှိရေး လုပ်ငန်းစီမံချက်များ ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မည့် ဘုရင့်နောင်လမ်းနှင့် အနောက်မြို့ပတ်လမ်းထောင့်ရှိ တံတားအခင်း ပြင်ဆင်ခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့၌ မူလတန်းကျောင်းဆောက်လုပ်ရန် စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်း

ကျောင်းကုန်း စက်တင်ဘာ ၂၃

အလှူရှင် ဦးသိန်းမောင် သုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်နှင့် လူမှုထူးချွန် (တတိယဆင့်)၊ ဇနီး ဒေါ်တင်လှ (ရွှေလမင်းဆေးလိပ်ခုံ) မိသားစုတို့က အမကကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၂ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ညောင်ဝိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကျော်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် အကျိုးတော်ဆောင် ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်ဦးသိန်းမောင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမက ကျောင်းဆောက်လုပ်ရေးအတွက် အလှူငွေကျပ်ငါးသိန်းကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူချိုက လက်ခံယူသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်မှ စေတနာရှင်အလှူရှင်များက ထပ်မံ၍ ငွေကျပ်တစ်သိန်း ခြောက်သောင်းငါးထောင်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူချိုကလက်ခံယူပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၅၄)**

ကျောင်းသားလူငယ်များ အသိပညာတိုးပွားရေး မိုးညှင်း၌ ပညာပေးဟောပြော

မိုးညှင်း စက်တင်ဘာ ၂၃

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျောင်းသားလူငယ်များ အသိပညာတိုးပွားရေးအတွက် ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက တဲကြီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူး ဦးအောင်ထွန်းက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် ကျန်းမာရေးဆရာမ ဒေါ်ခင်ထွေးက ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာများကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မုတ္တမ အထက်တန်းကျောင်းခန်းမ၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၁၀နာရီက သထုံခရိုင် ပေါင်မြို့နယ် မုတ္တမအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်အေးက အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရေးကိုလည်းကောင်း၊ ဒုရဲအုပ်အောင်နိုင်က စက်ဘီးစီးနင်းသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများကိုလည်းကောင်း၊ ဒုရဲအုပ်အောင်အောင်နိုင်က ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လမ်းဆုံများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် လက်အချက်ပြစနစ်ကိုလည်းကောင်း ဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ဓာတ်လမ်းခွေကို ပြသသည်။

ပေးအပ်

ထို့နောက် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။ **(သတင်းစဉ်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် စပါးရွှေဝါလမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောဖုံးမှ

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ AASYC အဖွဲ့ကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအဖွဲ့ခေါင်းဆောင်မှာ မင်းဇံဝေ(ခ)ဇော်ဇော်အောင်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် စစ်ရေးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၀၄ခုနှစ်တွင် KNU ၏ လေ့ကျင့်ပေးမှုဖြင့် KNU တပ်မဟာ(၆)နယ်မြေတွင် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ တပ်မတော် (AASYA) ကို ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းအဖွဲ့၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အတွင်း အရေးကြီးအဆောက်အအုံများ၊ စီမံကိန်း လုပ်ငန်းများအား နှောင့်ယှက်ဖျက်ဆီးရန်၊ ပြည်တွင်း၌ အမာခံယူဂျီများမွေးမြူ၍ ဆန့်ကျင်ဘက်နိုင်ငံရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်အတွင်း ကျောင်းသားလူငယ်များအား စည်းရုံးရန်နှင့် အဖွဲ့ရန်ပုံငွေရရှိရေးအတွက် နယ်စပ်ဒေသမှ ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ခြင်းပြုလုပ်ရန်၊ လက်နက်မှောင်ခိုလုပ်ငန်းများ လုပ်ဆောင်ရန်ဖြစ်ကြောင်း သိရှိရသည်။

AASYC အဖွဲ့ဝင် ဦးကောဝိဒနှင့် ဦးတေဇဆိုသူ သံဃာ (၂)ပါးအား TNT ယမ်းတောင့် (၁၃)တောင့်နှင့်အတူ နန်းဦးဘုန်းတော်ကြီးကျောင်း၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့၏ အကြမ်းဖက်အကြံအစည်များ ရပ်ဆိုင်းခဲ့ရကြောင်း သိရှိရသည်။

စီမံဆောင်ရွက်

သို့ရာတွင် AASYC အဖွဲ့မှ ဖောက်ခွဲရေးသမားများသည် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဧရာဝဏ်လမ်းနှင့် ပဲခူးလမ်းထောင့်ရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ တစ်ပြိုင်တည်း ရန်ကုန်မြို့ရှိ အရေးကြီးနေရာများအား လုပ်ကြံဖျက်ဆီးဖောက်ခွဲရန် စီမံဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၏ လုံခြုံရေး တင်းကျပ်မှုကြောင့် ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ AASYC အဖွဲ့ဝင်ဖြစ်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ်

ဂြိုဟ်တုဖုန်း(၁)လုံးနှင့်အတူ ၂၀၀၉ခုနှစ် စက်တင်ဘာ ၅ရက်တွင် လည်းကောင်း၊ စစ်တွေမြို့၊ ဧည့ဝတီရပ်ကွက်၊ စကြာမဏ္ဍိလမ်းနေ နိုင်စိုး(ခ)မဲလုံးအား (၃ ဒသမ ၅)လက်မအရှည် C-4 ယမ်းတောင့် (၆)တောင့်၊ လျှပ်စစ်ဒီတိုနေတာ(၁၁)ချောင်းနှင့်အတူ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁၂ရက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖောက်ခွဲရေးလုပ်ငန်း

အဆိုပါဖမ်းဆီးရမိ AASYC အဖွဲ့ဝင်များသည် ABSDF သောင်းကျန်းသူအဖွဲ့နှင့် ချိတ်ဆက်ပြီး အဖျက်စွမ်းအားကြီးမားလှသည့် ဖောက်ခွဲရေးလုပ်ငန်းများကို အကြိမ်ကြိမ်ဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။ ၎င်းအပြင် မကဒအဖွဲ့ဝင်ဟောင်း ညီညီအောင်(ခ)ကျော်ဇောလွင်(ဘ)ဦးအောင်ဒင်ကိုလည်း ABSDF နှင့် AASYC အဖွဲ့တို့၏ အကြမ်းဖက်ဖောက်ခွဲမှုများနှင့်အတူ ပြည်တွင်း၌ဆူပူမှုများ အချိန်ကိုက်ဆောင်ရွက်နိုင်ရန် ၂၀၀၉ ခုနှစ် စက်တင်ဘာ ၃ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့

ရှောင်ခဲ့ပြီး ABSDF တပ်ရင်း (၁၀၂) တွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီတွင် ဗန်ကောက်မြို့ UNHCR ရုံး၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အသိအမှတ်ပြုလက်မှတ်ရယူခဲ့ကြောင်း၊ ၎င်းလက်မှတ်ရရှိသူများ စုစည်း၍ လူမှုစောင့်ရှောက်ရေးကော်မတီဖွဲ့စည်းပြီး အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၂ခုနှစ်တွင် ထိုင်းနိုင်ငံ လဝကရုံးရှေ့၌ ဆန္ဒပြခဲ့ရာ ဖမ်းဆီးအရေးယူခြင်းခံခဲ့ရပြီး ထိုင်းနိုင်ငံ၌ ထောင်ဒဏ်(၁)နှစ်ကျခံခဲ့ရကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ထောင်မှ လွတ်မြောက်ပြီး Oversea National Students Organization of Burma (ONSOB) အဖွဲ့တွင် အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၉၄ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် UN ဒုက္ခသည် လက်မှတ်ဖြင့် အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်နိုင်ငံသား ခံယူခဲ့ကြောင်း သိရှိရသည်။

တိုင်တိုင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ယင်းသို့ ဝင်ရောက်လာသည့်အခါများတွင် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ဝင်များဖြစ်သော မင်းကိုနိုင်၊ ဌေးကြွယ်၊ မင်းဇေယျ၊ အံ့ဖွယ်ကျော်၊ လှမျိုးနောင်၊ သန်းတင့်၊ အောင်သူတို့နှင့်တွေ့ဆုံ၍ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ရန်အတွက် ပြည်ပရှိ အစိုးရဆန့်ကျင်ရေးလှုပ်ရှားသူများနှင့် ချိတ်ဆက်ပေးပြီး သတင်းဖလှယ်ခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်း၊ အမာခံမွေးမြူခြင်းတို့ကို အဓိကလှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ညီညီအောင်၏ ထွက်ဆိုချက်များအရ အမေရိကန်ရှိ မြန်မာအစိုးရဆန့်ကျင်ရေးအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များထံမှ ငွေကြေးထောက်ပံ့မှုများရရှိခဲ့ပြီး FDB မှ ဒေါက်တာ နိုင်အောင်၏ အစီအစဉ်ဖြင့် ညီညီအောင်မှ တာဝန်ခံ၍ ပြည်တွင်းသို့ ငွေလွှဲပြောင်းပေးပို့ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် နိုဝင်ဘာအတွင်း ငွေကျပ် သိန်း (၃၀)နှင့် ဂြိုဟ်တုဖုန်း(၂)လုံး၊ ၂၀၀၇ခုနှစ် မတ် (၂၃)ရက်တွင် တိုက်ခန်းငှားရမ်းရန်နှင့် ကွန်ပျူတာ၊ တယ်လီဖုန်းဝယ်ယူရန် အတွက် ငွေကျပ်သိန်း (၂၀၀)တို့ကို ဌေးကြွယ်ထံသို့ လည်းကောင်း၊ ၂၀၀၇ခုနှစ် ဩဂုတ်မှ စက်တင်ဘာအတွင်း ၎င်း၏ မိခင်ဖြစ်သူ

စက်တင်ဘာ ၁၇ ရက်က **Myanmar Joon - A** အထည်ချုပ်စက်ရုံအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒေါ်လာအားဖြင့် (၅) သောင်းကျော် ရှိကြောင်း သိရှိရသည်။

၎င်းအပြင် ညီညီအောင်သည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းတွင် FDB မှ ဒေါက်တာနိုင်အောင်၊ Democratic Party for a New Society (DPNS) မှ အောင်မိုးဇော်တို့နှင့်အတူ KNU တပ်မဟာ (၄) နှင့် တပ်မဟာ(၆) နယ်မြေများသို့ သွားရောက်ခဲ့ပြီး လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းတစ်ခုအပေါ် နိုင်ငံကြီးတစ်နိုင်ငံ၏ အရှိန်အဝါကို သုံးလျက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထောက်ပံ့ပေးခဲ့

ညီညီအောင်သည် ပြည်တွင်း၌ ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်စေရန် ပြည်တွင်း/ပြည်ပချိတ်ဆက်လှုပ်ရှားမှုများကို လုပ်ဆောင်ရာတွင် FDB မှ ဒေါက်တာနိုင်အောင်၏ စီစဉ်မှုအရ ၂၀၀၈ ခုနှစ်

စက်တင်ဘာ ၁၈ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် စက်မှုဇုန်ရပ်ကွက် ကနောင်မင်းသားကြီးလမ်းရှိ Myanmar Joon-A အထည်ချုပ်စက်ရုံ၌ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည့် မပေါက်ကွဲသေးသည့် ချိန်ကိုက်ဗုံးမှ C-4 ယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

သတင်း ဖော်ထုတ်ချက်များအရ AASYC အဖွဲ့သည် ၂၀၀၆ခုနှစ် နှောင်းပိုင်းမှစ၍ ABSDF သောင်းကျန်းသူအဖွဲ့ထံမှ အခကြေးငွေရယူကာ ပြည်တွင်း၌ ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် စက်တင်ဘာအတွင်း မိမိလုံခြုံရေး တပ်ဖွဲ့ဝင်များက

(၁၅)ပထမထပ်နေ ရဲထက်စိုးအား ဖောက်ခွဲရေးလုပ်ငန်းသုံး(၁၂)လက်မအရှည် C-4 ယမ်းတောင့် (၈)တောင့်၊ ဂြိုဟ်တုဖုန်း(၁)လုံးနှင့်အတူ ၂၀၀၉ခုနှစ် စက်တင်ဘာ ၄ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၈ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၉)နေ ထွန်းလင်းကျော်အား

မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ညီညီအောင်သည် ၈၈ အရေးအခင်းကာလတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရေစီ လှုပ်ရှားမှုအစည်းအရုံး(မကဒ)ဗဟိုစည်းရုံးရေးအဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူပြီးနောက် အခြား မကဒ အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံသို့ တိမ်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ရတနာလမ်း အမှတ်(၁၅) ပထမထပ်နေ AASYC အဖွဲ့ဝင် ရဲထက်စိုး၏ နေအိမ်မှ သိမ်းဆည်းရမိသော ဖောက်ခွဲရေးလုပ်ငန်းသုံး (၁၂) လက်မအရှည် C-4 ယမ်းတောင့် (၈)တောင့်၊ ဂြိုဟ်တုဖုန်း (၁)လုံးနှင့် ကွန်ပျူတာ P4 System Unit (၁)လုံးတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၁၇ရက်က ASIA OPTICAL မှန်ဘီလူးစက်ရုံ၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် မပေါက်ကွဲသေးသည့် ချိန်ကိုက်ဗုံးတစ်လုံးကို တွေ့ရစဉ်။ (သတင်းစဉ်)



အဓိကလှုပ်ရှား

ညီညီအောင်သည် အမေရိကန်နိုင်ငံ၌ နေထိုင်စဉ် Network for Democracy and Development (NDD) မှ ခင်ဥမ္မာ၊ Forum for Democracy in Burma(FDB) မှ ဒေါက်တာနိုင်အောင်၊ ဇော်ဇော်တို့အပါအဝင် မြန်မာနိုင်ငံမှ တိမ်းရှောင်ရောက်ရှိနေသူများ စုစည်းပြီး မြန်မာအစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုများကို တက်ကြွစွာ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအပြင် အမေရိကန်နိုင်ငံသား လက်မှတ်ကိုင်ဆောင်ပြီး လူမှုရေးဗီဇာ (Social Visa)အသုံးပြု၍ ၂၀၀၅ခုနှစ် နိုဝင်ဘာမှ ၂၀၀၉ခုနှစ် စက်တင်ဘာအတွင်း (၈)ကြိမ်

ဒေါ်စမ်းစမ်းတင့်မှတစ်ဆင့် ဌေးကြွယ်ထံသို့ ငွေကျပ် (၂၆၂)သိန်းနှင့် အောင်မျိုးတင့်(ခ)မျိုးကြီးမှတစ်ဆင့် ဌေးကြွယ်ထံသို့ ငွေကျပ် (၂၈)သိန်းကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဧပြီ ၂၉ရက်တွင် Generation Wave(GW) အဖွဲ့ဝင်များအား MP-3 (၃)လုံးနှင့် ငွေကျပ် (၁)သိန်းကိုလည်းကောင်း၊ မတ် ၁၃ရက် ဘုန်းမော်နှစ်ပတ်လည်နေ့၌ လမ်းပေါ်ဆန္ဒပြပွဲ ပြုလုပ်ရန် ငွေကျပ် (၃၅)သိန်းကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် မေ ၂၅ရက်တွင် Ecovision ဂျာနယ် သတင်းထောက် အိမ့်ခိုင်ဦးအတွက် ငွေ ကျပ်(၂၅)သိန်းကို လည်းကောင်း ထောက်ပံ့မှုများပြုလုပ်ပေးခဲ့ပြီး တစ်နှစ်လျှင် ၎င်းထံမှ ထောက်ပံ့ငွေ အမေရိကန်

အောက်တိုဘာလကုန်ခန့်တွင် မဲဆောက်မြို့၌ ပြည်တွင်းမှ တိမ်းရှောင်လာသည့် ဦးဣသရိယနှင့် တွေ့ဆုံခဲ့ကြောင်း၊ ဦးဣသရိယ၏ အဆက်အသွယ်များမှတစ်ဆင့် ပြည်တွင်းမှ သံဃာများအား စည်းရုံးရေးအတွက် သံဃာဦးအဂ္ဂဆိုသူအား ဘတ် (၂၄၀၀၀)နှင့် MP-4 (၃)လုံး ထောက်ပံ့ ပေးခဲ့ကြောင်း၊ ၎င်းနောက် ဦးဣသရိယ သည် ၂၀၀၉ခုနှစ် ဩဂုတ်လဆန်းပိုင်းတွင် မြေလတ်သံဃာ့ဝိဇ္ဇာအဖွဲ့မှ ဦးရေဝတကို မဲဆောက်၌ တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ရာ ညီညီအောင်၏ အစီအစဉ်ဖြင့် Laptop ဝယ်ရန် ဘတ်ငွေ (၂၀၀၀၀)ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

တွေ့ဆုံခဲ့

၂၀၀၉ခုနှစ် ဇွန် ၂၅ရက်တွင် Swedish Burma Committee (SBC) အဖွဲ့မှ Ms. Karin, Ms. Matilda နှင့် သံဃာ့တပ်ပေါင်းစုမှ ဦးကုသရိယ၊ ဦးသောပါက၊ မကဒမှ ညီညီအောင်၊ GW အဖွဲ့မှ ဝင်းထွဋ်(ခ) မင်းရန်နိုင်၊ မိုးသွေး(ခ)လင်းလင်း၊ NDD အဖွဲ့မှ စိုင်းမြင့်သူ၊ စောသန်းလှိုင်၊ ကချင်ကျောင်းသားလူငယ်အဖွဲ့မှ လီယိုနတ်၊ ရခိုင်ကျောင်းသားလူငယ်အဖွဲ့မှ ဝင်းအောင်တို့ တွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့၏ အစီအစဉ်အရ သံဃာလှုပ်ရှားမှုအတွက် သံဃာများစုစည်းရန် လွယ်ကူသည့် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၃ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် ပဝါရဏာပွဲမှတစ်ဆင့် တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မည့် အစီအစဉ်များကို ညီညီအောင်မှ စီစဉ်ရေးဆွဲ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီး (ABMU)က ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း၊ ၎င်းတတိယအကြိမ် ပတ္တနိက္ကုဇ္ဇန ကံဆောင်ပွဲပြုလုပ်စဉ် သံဃာများနှင့် လူထုမှ ဝိုင်းရံပေးရန်နှင့် သံဃာအဖွဲ့ခွဲများကို ရန်ကုန်၊ ပဲခူး၊ ရခိုင်နှင့် မန္တလေးတို့တွင် ဖွဲ့စည်းပြီးဖြစ်ကြောင်းတို့ကို အင်တာနက်မှတစ်ဆင့် သတင်းထုတ်ပြန်ခဲ့သည်။ ညီညီအောင်၏အစီအစဉ်အရ ဦးကုသရိယသည် ၂၀၀၉ခုနှစ် ဩဂုတ်လဆန်းပိုင်းတွင် သံဃာလှုပ်ရှားမှုများကို ပိုမိုအရှိန်မြှင့်လုပ်ဆောင်နိုင်ရန်အတွက် FDB မှ ကျော်ထက်၊ ဇော်ထွန်း၊ ငွေလင်းတို့ သုံးဦးနှင့်တွေ့ဆုံ၍ FDB အဖွဲ့မှ ကူညီ ပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

စည်းရုံးဆက်သွယ်

ညီညီအောင်သည် ပြည်တွင်း/ပြည်ပ အစိုးရ ဆန့်ကျင်သူများ၏ လှုံ့ဆော်မှုဖြင့် သံဃာတု၊ သံဃာယောင်များပါဝင်သည့် သံဃာလှုပ်ရှားမှုတစ်ရပ်ဖြစ်ပေါ်လာစေရန် ပြည်တွင်းသံဃာ လှုပ်ရှားမှုတာဝန်ခံများဖြစ်သည့် ဝင်းဇော်နိုင်(ခ)ရွှေညာသား၊ ဦးရေဝတ(ခ)ရဲမင်းနောင်တို့နှင့် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ဝင်းဇော်နိုင်(ခ)ရွှေညာသားသည် ၎င်း၏ဇာတိဖြစ်သော ပွင့်ဖြူဒေသ NLD များနှင့် ၂၀၀၈ ခုနှစ် မတ်လခန့်မှစ၍ အဆက်အသွယ်များ ပြုလုပ်ထားခဲ့ပြီး အစိုးရဆန့်ကျင်မှုများ ရှိလာပါက NLD ပါတီဝင်များမှ လိုက်ပါဆောင်ရွက်ပေးရန် စီစဉ်ထားရှိကြောင်း၊ ၎င်းအပြင် ဦးရေဝတကလည်း ပခုက္ကူ၊ ရေနံချောင်း၊ ချောက်၊ မကွေး၊ ကျောက်ပန်းတောင်းဒေသများရှိ သံဃာများကိုအခြေခံ၍ မြေလတ်ချိတ်အဖွဲ့ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီတွင် ဖွဲ့စည်းထားခဲ့ကြောင်း၊ ၎င်းအဖွဲ့ကို မြေလတ်သံဃာ့သမဂ္ဂဝိဇ္ဇာအဖွဲ့ဟု သတ်မှတ်ခဲ့ပြီး ဦးဆောင်သံဃာငါးပါးဖြင့် ရန်ကုန်၊ မန္တလေး၊ မိုးကုတ်ဒေသများရှိ သံဃာများကိုပါ စည်းရုံးဆက်သွယ်ခဲ့ကြောင်း သိရှိရသည်။

ညီညီအောင်သည် သံဃာထုအတွင်း စည်းရုံးပြီးနောက် ၂၀၀၈ ခုနှစ် ဇူလိုင်တွင် GW အဖွဲ့မှ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်တိုက်နယ်နေ ပဲပဲ(ခ)ရဲကျော်သူနှင့် ကောင်းကောင်း(ခ)ဇော်ဝင်းမြင့်တို့မှတစ်ဆင့် ပြည်၊ ဥသျှစ်ပင်၊ အောင်လံ၊ တောင်ကုတ်မြို့များမှ လူငယ်အချို့အား စည်းရုံးဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဇူလိုင်တွင် ညီညီအောင်၏အစီအစဉ်အရ ပဲပဲ(ခ)ရဲကျော်သူသည် ဗမာနိုင်ငံလုံးဆိုင်ရာ လွတ်မြောက်ရေးတပ်ပေါင်းစုအဖွဲ့အား ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် GW အဖွဲ့ဝင်များအပြင် NLD ပါတီဝင်များ၊ သံဃာများ၊ အခြားနိုင်ငံများရှိ အင်အားစုများ စုပေါင်းပါဝင်လာစေရန် စည်းရုံးဆောင်ရွက်ခဲ့သည်။

အဓိကလုပ်ဆောင်

ညီညီအောင်သည် GW အဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး GW အဖွဲ့ကို အဓိကငွေကြေးထောက်ပံ့နေသူဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ABSDF မှ အောင်ကျော်ဦးနှင့်ပူးပေါင်း၍ GW အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို စီစဉ်ခဲ့ပြီး GW အဖွဲ့ လှုပ်ရှားမှုနှင့်အတူ သံဃာများကို အခြေခံစည်းရုံး၍ ၂၀၀၉ခုနှစ် စက်တင်ဘာတွင် သံဃာလှုပ်ရှားမှုမှတစ်ဆင့် လူထုအုံကြွမှုဖြစ်ပေါ်စေရန် အဓိကလုပ်ဆောင်ခဲ့ကြောင်း၊ ညီညီအောင်သည် ပြည်တွင်းသံဃာလှုပ်ရှားမှုများ ပေါ်ပေါက်စေရန်အတွက် အကြံပေးခြင်း၊ ဆွေးနွေးခြင်းများအပြင် ထောက်ပံ့ငွေများ ရရှိအောင်လည်း ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များအရ ညီညီအောင်သည် ပြည်တွင်းသံဃာလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန်အတွက် အကြံပေးချိတ်ဆက်စည်းရုံးထောက်ပံ့ပေးခဲ့သည့်ပြင် GW အဖွဲ့နှင့် NLD အဖွဲ့များ ပြည်၊ အောင်လံတစ်ဝိုက်တွင် ဆူပူလှုပ်ရှားနိုင်ရန် လှုံ့ဆော်စည်းရုံးဆောင်ရွက်ပေးခဲ့သူလည်း ဖြစ်သည်။ ထို့မျှမက ပြည်ပနိုင်ငံများရှိ အစိုးရဆန့်ကျင်သူအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များထံမှ ငွေကြေးများစုဆောင်းရယူပြီး ပြည်တွင်းရှိ ၎င်းတို့၏ အမာခံများကို အဓိက ထောက်ပံ့မှုပြုလုပ်ပေးနေသူလည်း ဖြစ်သည်။

ABSDF အဖွဲ့ဝင်ဖြစ်ခဲ့သူ ညီညီအောင်(ခ) ကျော်ဇောလွင်သည် ABSDF အဖွဲ့မှအောင်ကျော်ဦး၊ FDB မှ ဒေါက်တာနိုင်အောင်တို့နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ ABSDF အဖွဲ့သည် AASYC အဖွဲ့မှ ဖောက်ခွဲရေးသမားများနှင့် ချိတ်ဆက်နေခြင်းတို့ကြောင့် ညီညီအောင်သည် ဆူပူလှုပ်ရှားမှုများ စီစဉ်သူဖြစ်ရုံမျှမက ဖောက်ခွဲရေး လုပ်ငန်းများအတွက်ပါ တာဝန်မကင်းသူ တစ်ဦးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ပုံဖော်လုပ်ဆောင်

၂၀၀၉ခုနှစ် စက်တင်ဘာ ၁၆ရက် ည (၁၁)နာရီ (၄၅)မိနစ်မှ ၁၇ရက် နံနက် (၁)နာရီခွဲအထိ ရန်ကုန်တိုင်း လှိုင်သာယာ စက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ မင်္ဂလာဒုံ စက်မှုဇုန်များတွင် ပေါက်ကွဲမှု (၇)ကြိမ် ဖြစ်ခဲ့ပြီး ချိန်ကိုက်ဗုံး (၂)လုံးအား အချိန်မီ တွေ့ရှိ ရှင်းလင်းနိုင်ခဲ့သည်။ အထက်ပါ ဗုံးပေါက်ကွဲမှုများ၏ ရည်ရွယ်ချက်မှာ ကုလသမဂ္ဂညီလာခံ ကျင်းပနေချိန်တွင် ဆူပူလှုပ်ရှားမှုများ၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများဆောင်ရွက်ကာ နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် အာရုံစိုက်လာအောင် ပုံဖော်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဆက်လက်ဆောင်ရွက်

သို့ဖြစ်၍ ပြည်ပနိုင်ငံသား ခံယူပြီး မိမိနိုင်ငံနှင့် လူမျိုးအပေါ် သစ္စာမဲ့စွာဖြင့် သံဃာနှင့်အတူ လူထု ဆူပူအုံကြွမှုများ ဖြစ်ပွားပေါ်ပေါက်စေရန်နှင့် ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးမှုများ ဖြစ်ပွားစေရန် စီစဉ်ချိတ်ဆက်ဆောင်ရွက်ခဲ့သူ ညီညီအောင်(ခ) ကျော်ဇောလွင်နှင့် ဖမ်းဆီးရမိထားပြီးဖြစ်သော ၎င်း၏ ပြည်တွင်းအဆက်အသွယ်များအား ဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေက ပထမဆုရ အဋ္ဌမတန်းမှ ကျောင်းသူ မယသော်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၀၀)

သရက်မြို့နယ် ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

သရက် စက်တင်ဘာ ၂၃

သရက်ခရိုင် သရက်မြို့တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက်ပိုင်းက ကမ်းနားလမ်း ဖောင်ဆိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန မကွေးခရိုင် တာဝန်ခံဦးထွန်းထွန်းဦးက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးပြေအေးအား ငါးမြစ်ချင်း၊ ငါးသန် ငါးသားပေါက်ကောင်ရေသုံးသိန်းနှင့် ငါးမှုန် ငါးသားပေါက်ကောင်ရေသိန်း ၁၄၀ကို အခမဲ့ပေးအပ်သည်။ ခရိုင်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေလုပ်ငန်းဝန်ထမ်းများ တက်ရောက်၍ ဧရာဝတီမြစ်အတွင်း တပျော်တပါး ငါးမျိုးစိုက်ထည့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**စိတ္တဝိသုဒ္ဓိ**တရားတော် (သဗင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ**(အပိုင်း-၁၅)
၈း၃၀	Sports World (Planet Speed)
၈း၅၅	မေတ္တာကိုအခြေပြုသည့် ဦးတည်ရာလမ်းကြောင်းပေါ်ဝယ် (ဆင်ဖြူကျွန်းမြို့)
၉း၁၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၉း၃၀	အားကစားမြင်ကွင်းစုံ (ဦးဖေသိန်း၊ ဦးချစ်ဝင်းမောင်)
၁၀း၁၀	ရသစုံစွာ တေးအလင်္ကာ
၁၀း၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် [ဒီဇိုင်နာထွန်းထွန်းလင်း(မိတ်ကပ်) နှင့် တွေ့ဆုံခြင်း]
၁၁း၀၀	Activities in the City (MWDC စက်ရုံ၏ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
၁၁း၁၅	ပျော်ရွှင်ဆင်နွှဲ မင်္ဂလာပွဲ
၁၁း၄၀	ပြည်သူပျိုးသည့် လူငယ်ဖွံ့ဖြိုးရေးစခန်း၊ ရွှေဘိုမြို့
၁၁း၅၅	ဂီတသရုပ်ပြခန်း (Too Big-ခုချက်ချင်း)
၁၂း၂၀	မြန်မာ့အကအခြေခံ ကဗျာလွတ်ကပါန် (အမျိုးသမီးကဗျာလွတ်)
၁၂း၃၅	စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁း၀၀	**စိတ္တဝိသုဒ္ဓိ**တရားတော် (သဗင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (DJ Fashion)
၃း၄၀	မေတ္တာကိုအခြေပြုသည့် ဦးတည်ရာလမ်းကြောင်းပေါ်ဝယ် (ဆင်ဖြူကျွန်းမြို့)
၄း၀၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄း၂၀	ရန်ကုန်မြင်ကွင်းကျယ် (NELC,The Certificate Awarding)
၄း၄၅	လောကရဲ့အလှရတနာ ရဲအောင်၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၅း၀၀	Activities in the City (MWDC စက်ရုံ၏ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား)
၅း၂၀	အနုပညာမိုးကောင်းကင်
၅း၄၀	Movie Mistakes (Air Force One)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် [ဒီဇိုင်နာထွန်းထွန်းလင်း(မိတ်ကပ်) နှင့် တွေ့ဆုံခြင်း]
၆း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Toshiba Notebook စီးရီးသစ်များအကြောင်း)
၇း၀၅	Fashion Music Festival (DJ Fashion)
၈း၀၀	MRTV-4 သတင်း
၈း၃၀	တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ**(အပိုင်း-၁၅)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂း၀၅	ပျော်ရွှင်ဆင်နွှဲ မင်္ဂလာပွဲ
၁၂း၂၀	MANA ၏ ငွေကြယ်ပွင့်များ
၁၂း၃၅	အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (NELC,The Certificate Awarding)
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်တင်ဘာ ၁၉ရက်က အထက (၁)လသာ ဗဟိုစံပြခန်းမဆောင်၌ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးကကြီးမှူး၍ မူးယစ်ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း အန္တရာယ်ဆိုးကျိုးများ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဦးက ဟောပြောစဉ်။ (၁၀၆)

တန့်ဆည်မြို့နယ် စည်ပင်သာယာ ကျေးလက်တံတား တည်ဆောက်

တန့်ဆည် စက်တင်ဘာ ၂၃

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်တံတားဖြစ်သော ဇရပ်ပျက်တံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မင်းဘူးမြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆား အရည်အသွေး ပြည့်မီခြင်းရှိမရှိကို စက်တင်ဘာ ၅ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးဆယ်မောင်နှင့် ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် စက်တင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၉-၂၀၀၉)ရက်နေ့

၂၀၀၉ ခုနှစ် အောက်တိုဘာလအတွက်

(၁၁-၁၀-၂၀၀၉)ရက်နေ့

နှင့်

(၂၅-၁၀-၂၀၀၉)ရက်နေ့

မိုင်းယု၌ ငွေစင်ကြယ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

မိုင်းယု စက်တင်ဘာ ၂၃

မိုင်းယုမြို့ နမ့်နော်ကျေးရွာ ငွေစင်ကြယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအားကြာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ(၅)ချက်နှင့် စာငှားစနစ်ကျင့်သုံးရေး ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွေးတစ်စ

တပ်မတော်သည် အမျိုးသားရေးအကျိုးကို ရှေးရှုသော အမျိုးသားနိုင်ငံရေးသမားများကို အခြေပြု သန္ဓေတည် ပေါက်ဖွားခဲ့သည့် မြန်မာနိုင်ငံ၏ အမြဲတေအဖွဲ့အစည်း တစ်ခုဖြစ်သည်။ နယ်ချဲ့ကို တွန်းလှန်ပြီး ဖက်ဆစ်ကို တိုက်ထုတ်ခဲ့ရသည့် အဓိကအင်အားစု ဖြစ်သော်လည်း တရားဥပဒေနှင့် စည်းကမ်းကို အမြဲစောင့်ထိန်းလိုက်နာသော အစဉ်အလာကောင်း ရှိခဲ့သည်။

လက်နက်ကိုင်အဖွဲ့အစည်း ဖြစ်ခဲ့သော်လည်း အစဉ်ထာဝရ ဥပဒေဘောင်အတွင်း၌သာ နေထိုင်ခဲ့သည်။ အင်္ဂလိပ်အခါက်၊ ဗမာ့အချက် အခြေအနေဖြင့် လွတ်လပ်ရေးကို တောင်းဆို တိုက်ပွဲဝင်ခဲ့သော်လည်း ဆူပူအုံကြွ အကြမ်းဖက်နည်းကိုမသုံး၊ လူထုဆန္ဒအရ ဒီမိုကရေစီ နည်းလမ်းတကျ ဖြစ်အောင် နိုင်ငံရေးနည်းလမ်းအရ အကျိုးသင့် အကြောင်းသင့် တောင်းဆိုရယူခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ တပ်မတော်သည် လက်နက်ကိုင်ထားသည့် အင်အားစုတစ်ရပ် ဖြစ်သော်လည်း ဒီမိုကရေစီ အနှစ်သာရကို လေးစားသည်။ ဒီမိုကရေစီ ကျင့်စဉ်ကို အလေးထားသည်ဟု ဖော်ပြလိုရင်း ဖြစ်ပါသည်။

ထို့အတူ တပ်မတော်သည် အမျိုးသားစည်းလုံးညီညွတ်ရေးကို သမိုင်းစဉ်တစ်လျှောက်လုံး အလေးထားခဲ့ကြောင်း တွေ့ရှိနိုင်သည်။ ၁၉၄၆ခုနှစ် ကွန်မြူနစ်ပါတီအကွဲတွင် လက်ဝဲအင်အားစုများ ညီညွတ်ရေးအတွက် တပ်မတော်ခေါင်းဆောင်များက ပါဝင်ကြိုးပမ်းခဲ့ကြသည်။ အလားတူ ၁၉၅၀နောက်ပိုင်း အာဏာရဖဆပလအဖွဲ့ချုပ် အကွဲအပြဲတွင်လည်း နိုင်ငံရေးအင်အားစုများ ညီညွတ်ရေးကို တပ်မတော်ခေါင်းဆောင်များက ပါဝင်စေ့စပ်ပေးခဲ့ကြသည်။

သို့ရာတွင် နိုင်ငံရေး အင်အားစုများဘက်ကမူ တပ်မတော်အပေါ် ယထာဘူတကျသော သဘောထားအမှန် မထားရှိနိုင်ခဲ့ကြောင်း ဆန်းစစ်တွေ့ရှိရသည်။ ဖက်ဆစ်တော်လှန်ရေးအပြီး နယ်ချဲ့ဗြိတိသျှအစိုးရ ပြန်ဝင်လာချိန်တွင် မျိုးချစ်ဗမာ့တပ်မတော်အား လက်နက်ဖျက်သိမ်းရန်၊ နယ်ချဲ့လက်ဝကွက်အပ်ရန်အထိ ကွန်မြူနစ်ခေါင်းဆောင်အချို့က အားထုတ်လုပ်ကြံခဲ့ဖူးသည်။ ထို့အတူ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဖဆပလအစိုးရ တည်မြဲသန့်ရှင်း အကွဲတွင် နိုင်ငံရေးအုပ်စု နှစ်ဖက်စလုံးက တပ်မတော်အား ဖြိုခွင်းရန် ကြံစည်ကြိုးပမ်းခဲ့ကြဖူးသည်။ ၁၉၈၈ခုနှစ် တပ်မတော်အစိုးရတက်လာသည့် နောက်ပိုင်း၌လည်း နိုင်ငံရေးအင်အားစု အားလုံးလိုလိုက တပ်မတော်အား ရန်သူလို သဘောထားခဲ့ကြသည်။ မြေအောက်နိုင်ငံရေး အင်အားစုဟု ခေါ်ဆိုရမည့် လက်နက်ကိုင်သောင်းကျန်းသူများကမူ တပ်မတော်ကို ချေမှုန်းရန် အမြဲအားထုတ်ခဲ့ကြသည်။ အထင်ရှားဆုံး သာဓကမှာ ၁၉၈၉ခုနှစ် စက်တင်ဘာလတွင် ဆင်နွှဲခဲ့သည့် ဗကပတို့၏ မိုင်းယန်းတိုက်ပွဲနှင့် KNU တို့၏ မဲသဝေါဒေသ ထိုးစစ်တို့ပင်ဖြစ်သည်။

မည်သို့ပင် ရှိစေကာမူ တပ်မတော်သည် မြေပေါ် မြေအောက် နိုင်ငံရေးအင်အားစုအားလုံးကို တစ်ချိန်က အမျိုးသားရေး လုပ်ဖော်ကိုင်ဖက်များဟု သဘောထားခဲ့သည်။ တစ်ချိန်ချိန်တွင် အမျိုးသားနိုင်ငံရေးအတွက် လက်တွဲဆောင်ရွက်ကြရမည့်သူများအဖြစ် မျှော်လင့်ထားခဲ့သည်။ ထို့ကြောင့် တစ်ပါတီစနစ်ကို ဖျက်သိမ်းပြီး မြေပေါ်တွင် နိုင်ငံရေးပါတီများအဖြစ် ပါဝင်လှုပ်ရှားနိုင်ရန် နိုင်ငံရေးပါတီများ ဖွဲ့စည်းထူထောင်ခွင့် ပြုခဲ့သည်။ တောတွင်း လက်နက်ကိုင်အဖွဲ့များနှင့်အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး ရယူတည်ဆောက်ခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကိစ္စများကို ကူညီအားပေးခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အခြေခံ ရေခံ မြေခံကောင်းများကို ဖန်တီးပေးခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေရန် ကြိုးပမ်းခဲ့သည့်နည်းတူ နိုင်ငံရေးမပြေလည်၊ မကျေလည်မှုများကိုလည်း သည်းခံ လိုက်လျောပေးခဲ့သည်။ အမျိုးသားလုံခြုံရေးအတွက် မလွှဲမရှောင်သာ တည်ဆဲဥပဒေများအရ အရေးယူခဲ့ရသည်များလည်း ရှိခဲ့သည် မှန်သော်လည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် စိတ်ရှည်သည်းခံခဲ့သည်က ပို၍များခဲ့သည်။ နာစရာရှိသည်များကို လွှမ်းစရာများနှင့်ဖြေပြီး ငြိမ်းချမ်းရေးခိုင်မြဲအောင် ထိန်းသိမ်းခဲ့သည်။ ပျက်အစဉ် ပြင်ခဏသဘောဖြင့် ရှိခဲ့ဖူးသောအပြစ်

ယနေ့ခေတ်ကာလသည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် အခြေခံဥပဒေ ပြဋ္ဌာန်းပြီး အသွင်ကူးပြောင်းနေသည့် ကာလဖြစ်သည်။ လက်ရှိ တရားဝင်နိုင်ငံရေးပါတီ (၁၀)ပါတီရှိသည်။ မကြာမီ အခြေခံဥပဒေအရ သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီး နိုင်ငံရေးပါတီများ ဖွဲ့စည်းပေါ်ပေါက်လာတော့မည် ဖြစ်သည်။ မကြာမီမှာပင် နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အဖြစ် လူတိုင်းကိုယ်စီ ပါဝင်ဆောင်ရွက်ခွင့် ရလာတော့မည် ဖြစ်သည်။ ထိုကာလများတွင် ဆူပူအုံကြွမှု၊ အကြမ်းဖက်မှုများ မဖြစ်ပွားအောင် လုပ်ဆောင်ထိန်းသိမ်းရန် နိုင်ငံရေးသမား အမည်ခံသူများ၌လည်း တာဝန်ရှိပေသည်။

တင်မင်းကျော်

ကြွေးများကိုလည်း သင်ပုန်းချေစိတ်ဓာတ်ဖြင့် အကြိမ်ကြိမ် ဖြေလျှော့ပေးခဲ့သည်။

တပ်မတော်က နိုင်ငံ့တာဝန်ယူပြီးနောက် ၁၉၈၉ ခုနှစ်တွင် အမိန့်ကြေညာချက်အမှတ် (၄/၈၉)အရ အကျဉ်းထောင်များမှ ပြစ်ဒဏ်ကျခံဆဲအကျဉ်းသား (၉၆၁၆)ဦး၊ ရဲစခန်းနှင့် တရားရုံးအချုပ်မှ (၁၈၈၃၇)ဦး စုစုပေါင်း (၂၈၄၅၃)ဦးကို လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့သည်။ ၎င်းတို့အထဲတွင် အရေးအခင်း၌ သာမန်ဆန္ဒပြရုံမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရာ ရောက်ခဲ့သူများလည်း အများအပြား ပါဝင်ခဲ့သည်။ ထိုသို့ ပြန်လွှတ်ပေးနေသည့်ကာလမှာပင် ဆူပူရန် လှုံ့ဆော်သူများကို ထပ်မံဖမ်းဆီး အရေးယူခဲ့ရသည်များလည်းရှိသည်။ သို့ရာတွင် အချိန်တန်သည်နှင့် ထောက်ထားသက်ညှာမှုဖြင့် ပြန်လွှတ်ပေးခဲ့သည်သာ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏စေတနာအရ ပြန်လည်လွတ်မြောက်လ[...] အနေဖြင့်လည်း ပြစ်ဒဏ်ကျခံနေရစဉ် မိမိတို့ကိုယ်တိုင်နှင့် မိသာ[...] အခက်အခဲများကို ရင်ဆိုင် တွေ့ကြုံ ခံစား သိရှိခဲ့ကြရပြီးဖြစ်ရာ[...] အဖြစ်မျိုး၊ ယခင်လိုဘဝမျိုး ပြန်မရောက်ရအောင်၊ လမ်းမှားသို့ ဦး[...] များနှင့် ဆုံရလျှင်ပင် လမ်းမှန်သို့ ပြန်ပြီးဦးလှည့်လာအောင် ဝိုင်[...] တည့်မတ်ပြုပြင် သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါ[...]

၁၉၉၂ ခုနှစ်တွင် အမိန့်ကြေညာချက်အမှတ် (၁၁/၉၂) ဖြင့်(၂၃၉၃)ဦး၊ ၁၉၉၃ ခုနှစ်တွင်(၁၇၀၈)ဦး၊ ၁၉၉၅ ခုနှစ်တွင် တပ်မတော် ရွှေရတုအထိမ်းအမှတ်အဖြစ် အကျဉ်းသား (၂၃၉၀၁)ဦး တို့ကို လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့သည်။ ပြစ်ဒဏ်များကိုလည်း လျှော့ပေါ့ပေးခဲ့သောကြောင့် သေဒဏ်ကျခံထားရသူများ ထောင်ဒဏ်သို့ ပြောင်းလဲသွားခဲ့သည်ကို တွေ့ရသည်။

၁၉၉၂ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် ကြေညာချက်အမှတ် (၁၁/၉၂)ကိုထုတ်ပြန်၍ ပြစ်ဒဏ်ကျခံနေရသူများအနက်မှ နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်နိုင်ဖွယ်ရာမရှိသူများအား ပြန်လွှတ်ပေးခဲ့ရာ ထိုသူများအနက် အမျိုးသားညီလာခံကျင်းပရေးနှင့်ပတ်သက်၍ မိမိတို့ပါတီများအတွင်း ဆွေးနွေးနိုင်မည့်ပါတီဝင်များလည်း ပါဝင်ခဲ့သည်။ ပါတီခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။ အဓိပ္ပာယ်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်ငင်းလက်တွေ့ ဆောင်ရွက်နိုင်သူဟူသမျှအား ဘေးဖယ်ပိတ်လှောင်မထားဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းပင် ဖြစ်သည်။

တပ်မတော်အစိုးရသည် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်သည့် အင်အားများဖြစ်လာစေရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုများ စီမံဆောင်ရွက်ခဲ့သည်။ ထိုစီမံဆောင်ရွက်မှုအရ အကျဉ်းသား(၂၈၃၁)ဦးအား နိုင်ငံတော်တည်ထောင်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်စေရေးအတွက် ၄-၁-၂၀၀၇ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြစ်ဒဏ်ကျခံခြင်းမှ လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့ပြန်သည်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့မှအစပြု၍ ထိုနေ့ ၄-၁-[...] လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အက[...] (၂၃၁၄၇)ဦး ရှိခဲ့ကြောင်း သိရသည်[...]

၂၀၀၇ခုနှစ် စက်တင်ဘာလတွင်[...] ကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့[...] ညီလာခံကြီးကို ဂုဏ်ပြုသောအားဖြ[...] အမျိုးသား ပြန်လည်စည်းလုံးညီညွ[...] ကောင်း ၂၀၀၇ခုနှစ် နိုဝင်ဘာလ ၁၆[...] ၃ရက်နေ့အတွင်း အကျဉ်းသား(၈၅၈၅[...] ခဲ့ပြန်သည်။ ၎င်းပြင်၂၀၀၈ခုနှစ် စက်[...] တွင် အကျဉ်းသား(၉၀၀၂)ဦးကိုလည်း[...] ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် အကျဉ်[...] လည်းကောင်း ပြစ်ဒဏ်ကျခံနေရခြင်းမှ[...] သက်သာခွင့်များ ပေးခဲ့သည်ကို တွေ့[...] ပြီးခဲ့သည့် စက်တင်ဘာလ ၁၇ရက်[...] သား (၇၁၁၄)ဦးကို ၎င်းတို့ကျခံနေရ[...] လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်ပြန်[...]

ယနေ့ခေတ်ကာလသည် ပါတီ[...] ကျင့်သုံးသည့် အခြေခံဥပဒေပြဋ္ဌာန်းပြီ[...] နေသည့်ကာလဖြစ်သည်။ လက်ရှိ [...] ပါတီ (၁၀)ပါတီရှိသည်။ မကြာမီ[...] သက်ဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပြီး [...] ဖွဲ့စည်းပေါ်ပေါက်လာတော့မည်ဖြစ်သ[...] နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသာ[...] လုပ်ငန်းစဉ်အဖြစ် လူတိုင်းကိုယ်စီ ပ[...] ရလာတော့မည်ဖြစ်သည်။ ထိုကာလမျ[...] အကြမ်းဖက်မှုများမဖြစ်ပွားအောင် လု[...] ရန် နိုင်ငံရေးသမားအမည်ခံသူများ၌[...] သည်။ နိုင်ငံရေးဟူသည် ဉာဏ်ပညာဖြ[...] ဦးဆောင်ရမည့် လုပ်ငန်းဖြစ်ရာ တ[...] လေးစားလိုက်နာခြင်း၊ ဥပဒေဘောင်[...] ဆောင်ရွက်ခြင်းတို့ဖြင့် တရားဥပဒေ[...] ခိုင်မာသက်ဝင်အောင် စွမ်းဆောင်ကြ[...] ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ စေတ[...] လွတ်မြောက်လာကြသူများအနေဖြင့်[...] နေရစဉ် မိမိတို့ကိုယ်တိုင်နှင့် မိသားစု[...] များကို ရင်ဆိုင်တွေ့ကြုံ ခံစား သ[...] အလားတူအဖြစ်မျိုး၊ ယခင်လို ဘဝ[...] အောင်၊ လမ်းမှားသို့ ဦးတည်နေသူမျ[...] လမ်းမှန်သို့ ပြန်ပြီးဦးလှည့်လာအော[...] တည့်မတ်ပြုပြင် သွားနိုင်ကြလိမ့်[...] မျှော်လင့်မိပါသည်။ ထို့ပြင် နိုင်ငံ[...] မေတ္တာကို သိနားလည်ပြီး မိမိအကျိ[...] နိုင်ငံတော်အကျိုးကို တစ်တပ်တစ်အ[...] ဆောင်ရွက်သွားကြလိမ့်မည်၊ နိုင်ငံတေ[...] ရေး၌ တစ်ဖက်တစ်လမ်းမှ အထော[...] နိုင်ငံ့သားကောင်းများအဖြစ် ပြောင်းလဲ[...] နိုင်ကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်[...]

၁၈ရက်နေ့မှအစပြု၍ ထိုနေ့ ၄-၁-၂၀၀၇ရက်နေ့အထိ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အကျဉ်းသား စုစုပေါင်း (၂၃၁၄၇)ဦး ရှိခဲ့ကြောင်း သိရသည်။

၂၀၀၇ခုနှစ် စက်တင်ဘာလတွင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း ၂၀၀၇ခုနှစ် နိုဝင်ဘာလ ၁၆ရက်နေ့မှ ဒီဇင်ဘာလ ၃ရက်နေ့အတွင်း အကျဉ်းသား(၈၅၈၅)ဦးကို ပြန်လွှတ်ပေးခဲ့ပြန်သည်။ ၎င်းပြင်၂၀၀၈ခုနှစ် စက်တင်ဘာလ၂၃ရက်နေ့တွင် အကျဉ်းသား(၉၀၀၂)ဦးကိုလည်းကောင်း၊ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် အကျဉ်းသား(၆၃၁၃)ဦးကိုလည်းကောင်း ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲ၍ လွတ်ငြိမ်းသက်သာခွင့်များ ပေးခဲ့သည်ကို တွေ့ရသည်။ ယခုတစ်ဖန်ပြီးခဲ့သည့် စက်တင်ဘာလ ၁၇ရက်နေ့ကလည်း အကျဉ်းသား (၇၁၁၄)ဦးကို ၎င်းတို့ကျခံနေရသော ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်ပြန်ပြီဖြစ်သည်။

…နာအရ ပြန်လည်လွတ်မြောက်လာကြသူများ …နေရစဉ် မိမိတို့ကိုယ်တိုင်နှင့် မိသားစု၏ ဘဝ …ကြုံ ခံစား သိရှိခဲ့ကြရပြီးဖြစ်ရာ အလားတူ …မရောက်ရအောင်၊ လမ်းမှားသို့ ဦးတည်နေသူ … ပြန်ပြီးဦးလှည့်လာအောင် ဝိုင်းဝန်းတွဲခေါ် …မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ယနေ့ခေတ်ကာလသည် ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးသည့် အခြေခံဥပဒေပြဋ္ဌာန်းပြီး အသွင်ကူးပြောင်းနေသည့်ကာလဖြစ်သည်။ လက်ရှိ တရားဝင်နိုင်ငံရေးပါတီ (၁၀)ပါတီရှိသည်။ မကြာမီ အခြေခံဥပဒေအရ သက်ဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပြီး နိုင်ငံရေးပါတီများ ဖွဲ့စည်းပေါ်ပေါက်လာတော့မည်ဖြစ်သည်။ မကြာမီမှာပင် နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အဖြစ် လူတိုင်းကိုယ်စီ ပါဝင်ဆောင်ရွက်ခွင့် ရလာတော့မည်ဖြစ်သည်။ ထိုကာလများတွင် ဆူပူအုံကြွမှု၊ အကြမ်းဖက်မှုများမဖြစ်ပွားအောင် လုပ်ဆောင်ထိန်းသိမ်းရန် နိုင်ငံရေးသမားအမည်ခံသူများ၌လည်း တာဝန်ရှိပေသည်။ နိုင်ငံရေးဟူသည် ဉာဏ်ပညာဖြင့် စေ့ဆော်စည်းရုံးဦးဆောင်ရမည့် လုပ်ငန်းဖြစ်ရာ တည်ဆဲဥပဒေများကို လေးစားလိုက်နာခြင်း၊ ဥပဒေဘောင်အတွင်းမှ လှုပ်ရှားဆောင်ရွက်ခြင်းတို့ဖြင့် တရားဥပဒေများ ပိုမိုတည့်မတ်ခိုင်မာသက်ဝင်အောင် စွမ်းဆောင်ကြိုးပမ်းကြရမည်သာဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ စေတနာအရ ပြန်လည်လွတ်မြောက်လာကြသူများအနေဖြင့်လည်း ပြစ်ဒဏ်ကျခံနေရစဉ် မိမိတို့ကိုယ်တိုင်နှင့် မိသားစု၏ ဘဝအခက်အခဲများကို ရင်ဆိုင်တွေ့ကြုံ ခံစား သိရှိခဲ့ကြရပြီးဖြစ်ရာ အလားတူအဖြစ်မျိုး၊ ယခင်လို ဘဝမျိုး ပြန်မရောက်ရအောင်၊ လမ်းမှားသို့ ဦးတည်နေသူများနှင့် ဆုံရလျှင်ပင် လမ်းမှန်သို့ ပြန်ပြီးဦးလှည့်လာအောင် ဝိုင်းဝန်းတွဲခေါ်တည့်မတ်ပြုပြင် သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ထို့ပြင် နိုင်ငံတော်၏ စေတနာ၊ မေတ္တာကို သိနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်သွားကြလိမ့်မည်၊ နိုင်ငံတော်သစ်တည်ဆောက်ရေး၌ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် နိုင်ငံ့သားကောင်းများအဖြစ် ပြောင်းလဲခံယူ တည်ဆောက်နိုင်ကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်မိပေသည်။ ။

အမှာစကား ပြောကြား

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၆၄)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၆၄)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၆၄)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြက်ခြေနီ ဗဟိုကောင်စီဝင်များ၊ ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုးပမ်းအားထုတ်

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် "ဆင်းရဲဒုက္ခနည်းပါး သက်သာစေရန်" ဆိုသည့် အသင်းကြီး၏ ရည်ရွယ်ချက်နှင့်အညီ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ခြေနီ လုပ်ငန်းများကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရန်အတွက် ပြီးခဲ့သည့် လုပ်ဆောင်ချက်များ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကြရန်နှင့် နိုင်ငံတော်၏ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ၌ ထိထိရောက်ရောက် အထောက်အကူ ဖြစ်စေမည့် ရှေ့လုပ်ငန်းစဉ်များချမှတ်ကာ အချိန်နှင့်တစ်ပြေးညီ တိုင်းပြည်အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အမှာစကား ပြောကြားပြီး အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေက (၆၃)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြသည်။

တင်ပြ

ထို့နောက် အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှက (၆၄)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာကို ဖတ်ကြားပြီး အကျိုးဆောင်ဘဏ္ဍာထိန်း ဦးကြည်က အမှုဆောင်အဖွဲ့၏ ဘဏ္ဍာရေး အစီရင်ခံစာကို တင်ပြသည်။

ယင်းနောက် အမှုဆောင်အဖွဲ့ဝင်များက မုန်တိုင်းသင့် ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် (၆၄)ကြိမ်မြောက် ဗဟိုကောင်စီတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လှူငယ်မူဝါဒအား အတည်ပြုပေးရန်တို့ကိုလည်းကောင်း၊ ကျောင်းကြက်ခြေနီ (အကြံပေး) ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ကျောင်း ကြက်ခြေနီ စီမံချက်လုပ်ငန်းများကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ပြည်နယ်နှင့် တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တင်ပြချက်များ အပေါ် ပြန်လည်ဆွေးနွေးကြကာ (၆၄)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များကို ချမှတ်ကြပြီး သဘာပတိ ဒေါက်တာ သာလှရွှေက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၉-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ အကပဒေသာ
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၀ ၇။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၃၀ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား)**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၈း၅၅ ၁၂။ နမ္မတီးတံတား(ကံလှ)

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၄၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ အထူးပြုများ)(သင်္ချာ)
- ၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၃၀ ၈။ **မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ**
- ၅း၄၅ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ဓာတ်ပုံပေးနည်း** (အပိုင်း-၂) သူရလင်း၊ ပေမာန်အောင်အောင်၊ ခင်လေးဆွေ (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၂၂) (ဇာတ်သိမ်းပိုင်း)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၅၉)
- ၁၉။ လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၂)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၈)
- ၂၁။ အစီအစဉ်ပြီး၏။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

ဈေးကွက်နမူနာများကို ဓာတ်ခွဲစစ်ဆေးချက်အရ အောက်ပါဆေးဝါး နှစ်မျိုးမှာ ဆေးဝါးအတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်-

ဆေးအမည်	ကုမ္ပဏီအမည်
(က) Chloramphenicol Capsule BP 250mg TMH	Exported by Shanghi Medicines & Health Products.
(ခ) Chloramphenicol Capsule 250mgBP	Henan Dekang P'cal Co.,Ltd.

အထက်ပါဆေးဝါးနှစ်မျိုးမှာ မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိကြောင်းနှင့် ဆေးဝါးအာနိသင် လုံးဝ(လုံးဝ) မပါရှိကြောင်း အသိပေးအပ်ပါသည်။

ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသောရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများ ပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသောအခြေအနေ ခံစားရမည်ဖြစ်သည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ (၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စာအုပ်၊ စာစောင်များလှူဒါန်းပွဲ သုံးခွမြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့အတွင်း ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်းပွဲကို စက်တင်ဘာ ၁၉ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်လှလှချိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအထောက်အကူပြု ကော်မတီဝင် ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ဦးလှိုင်ဝင်း(စာတည်းမှူး၊ မြန်မာ့အလင်း သတင်းစာတိုက်) က ဂျာနယ်စာစောင်၂၁၁စောင်၊ စာရေးဆရာသန်းဝင်းရှိန်က စာအုပ်မျိုးစုံ အုပ်၂၀၀နှင့် ငွေကျပ်တစ်သောင်း၊ ဦးနေအေး(ဓနမိတ္တူ)က စာအုပ်မျိုးစုံ အုပ်၁၀၀တို့ကို လှူဒါန်းရာ အလှူရှင်များကိုယ်စား စာရေးဆရာ သန်းဝင်းရှိန်က ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ဝဲပုံ) (မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဖိုးလှအောင် ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ်၁၅ရက်က ကွတ်ခိုင်မြို့ အမှတ်(၃)ရပ်ကွက်အတွင်း လူနေအိမ်များ၌ ခြင်ဆေးဖျန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

■ *ရှေ့ဖုံးမှ*

ပုံထုတ်ယာဉ်များ၏ အလေးချိန်အလိုက် ဝင်ရိုးအရေအတွက်အရ လမ်းပေါ်သက်ရောက်သော ဝင်ရိုးအသီးသီးမှ အလေးချိန်ခွဲ၍ ဝင်ရိုးတစ်ခု၏ အလေးချိန် (Axle Load) တွက်ရပါသည်။ ယင်းမှ စံဝင်ရိုးအလေးချိန် ပေါင် ၁၈၀၀၀နှင့်ယှဉ်၍ ပျက်ယွင်းကိန်းရှာကာ လမ်းသက်တမ်းအတွင်းရှိလာမည့် စုစုပေါင်း စံဝင်ရိုးအရေအတွက်အရ လမ်းလွှာပုံစံ (လမ်းသားအထူ) ပုံစံထုတ်သည်ဟု သိရှိရပါသည်။

လမ်းလွှာပုံစံထုတ်ရာတွင် အသုံးပြုထားသော ပုံထုတ်ယာဉ်များမှာ-

ဝင်ရိုးနှစ်ချောင်းတပ် ပုံထုတ်ယာဉ်အလေးချိန်	၁၃ တန်	(ပုံ-၁)
ဝင်ရိုးသုံးချောင်းတပ် ပုံထုတ်ယာဉ်အလေးချိန်	တန် ၃၀	(ပုံ-၂)
ဝင်ရိုးလေးချောင်းတပ် ပုံထုတ်ယာဉ်အလေးချိန်	တန် ၄၀	(ပုံ-၃)
ဝင်ရိုးငါးချောင်းတပ် ပုံထုတ်ယာဉ်အလေးချိန်	တန် ၆၀	(ပုံ-၄)

ဝင်ရိုးနှစ်ချောင်းတပ် ပုံထုတ်ယာဉ် (ယာဉ်+ကုန်=၁၃ တန်)

(အရပ်ခေါ် ခြောက်ဘီးကား)



(ပုံ-၁)

အထက်ပါ ပုံထုတ်ယာဉ်များအရ အနောက်ဘက်ဝင်ရိုးတစ်ခုတွင် အများဆုံးအလေးချိန်သက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်။

ခြောက်ဘီးကားရှိဝင်ရိုးတစ်ခု၏အများဆုံးအလေးချိန်	=	၉ ဒသမ ၅ တန်
၁၀ဘီးကားရှိဝင်ရိုးတစ်ခု၏အများဆုံးအလေးချိန်	=	၁၁ ဒသမ ၅ တန်
၁၂,၁၈ဘီးကားရှိဝင်ရိုးတစ်ခု၏အများဆုံးအလေးချိန်	=	၁၃ ဒသမ ၃ တန်

အကြမ်းအားဖြင့် ယာဉ်များတွင် ဝင်ရိုးအရေအတွက်များခြင်းဖြင့် ပျက်ယွင်းမှုနည်းပြီး လမ်းသက်တမ်းလျော့ကျမှု နည်းပါးစေပါသည်။ သို့ပါ၍ (ပုံ-၁)ရှိ ဝင်ရိုးနှစ်ခုပါကားတွင် ၁၃တန်ထက် ပိုတင်ခြင်း၊ (ပုံ-၂)ရှိ ဝင်ရိုးသုံးခုပါကားတွင် တန် ၃၀ထက် ပိုတင်ခြင်း၊ (ပုံ-၃)ရှိ ဝင်ရိုးလေးခုပါကားတွင် တန် ၄၀ထက် ပိုတင်ခြင်းနှင့် (ပုံ-၄)ရှိ ဝင်ရိုး ငါးခုပါကားတွင် တန် ၆၀ထက် ပိုတင်ခြင်းသည် ပျက်ယွင်းမှုပိုမိုကြောင်း သိရှိနိုင်သည်။ အဓိကအားဖြင့် မြန်မာနိုင်ငံတွင် အသုံးများသော ဝင်ရိုးနှစ်ခုပါကားတွင် ၁၃တန်ထက် ပိုတင်ခြင်းနှင့် ဝင်ရိုးသုံးခုပါကားတွင် တန် ၃၀ထက် ပိုတင်ခြင်းသည် လမ်းပျက်ယွင်းမှု အများဆုံး ဖြစ်ပေါ်နိုင်သည်ဟု သိရှိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံတွင် သဘောတူပြီးဖြစ်သည့်ယာဉ်များနှင့် ပတ်သက်သည့် ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက်၊ ဝင်ရိုးအလိုက် စုစုပေါင်းအလေးချိန်နှင့် ယာဉ်၏သတ်မှတ်အတိုင်းအတာများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။ ယာဉ်အသုံးပြုသူများအနေဖြင့်လည်း မော်တော်ယာဉ်ထုတ်လုပ်သူက သတ်မှတ်ထားသည့် Catalogue ပါ တင်ဆောင်နိုင်သည့်စွမ်းအား Pay Load နှင့်အညီသာ တင်ဆောင်ပြေးဆွဲမှသာ လမ်းများရေရှည်ကြံ့ခိုင် ကောင်းမွန်နိုင်မည်ဖြစ်သည်။

ဝင်ရိုးသုံးချောင်းတပ် ပုံထုတ်ယာဉ်

(ယာဉ်+ကုန်= တန်၃၀)

(အရပ်ခေါ် ၁၀ဘီးကား)



(ပုံ-၂)

ဝင်ရိုး လေးချောင်းတပ် ပုံထုတ်ယာဉ်

(ယာဉ်+ကုန်= တန် ၄၀)

(အရပ်ခေါ် ၁၂ဘီးကား)



(ပုံ-၃)

ရထားပို့ဆောင်ရေးဝန်ကြီးဌာနကလည်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ကြီးများအတွက် မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် ဝင်ရိုးအရေအတွက်ပေါ် မူတည်၍ ယာဉ်နှင့်ကုန် စုစုပေါင်းအလေးချိန် (G.V.W-Gross Vehicle Weight)ခံနိုင်ဝန်အားကို အောက်ပါအတိုင်း သတ်မှတ်ပြီး "ရုံးအမိန့်ညွှန်ကြားချက်-၂၉/၉၉နှင့် ၁၁/၂၀၀၀" တို့ဖြင့် သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်သည်ဟု သိရသည်-

Truck with 2 Axles	Kg 16000	(16 T)	
Truck with 3 Axles	Kg 21000	(21 T)	
Truck with 4 Axles	Kg 25000	(25 T)	
Articulated Truck(Max.)	Kg 20000	(20 T)	For 20' Container
	Kg 40000	(40 T)	For 40' Container

အထက်ဖော်ပြပါယာဉ်နှင့် ကုန်အလေးချိန် စုစုပေါင်းသတ်မှတ်ချက်သည် အများဆုံးခွင့်ပြုသည့် သတ်မှတ်ချက်ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)ကလည်း မော်တော်ယာဉ်ကြီးများကို စစ်ဆေးရာတွင် ကုန်ပစ္စည်းများတင်ဆောင်ပြီး စစ်ဆေးခြင်းမဟုတ်ဘဲ အများပြည်သူသုံးလမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းစွာ သွားလာပြေးဆွဲနိုင်မှု ရှိမရှိကိုသာ အဓိကထား၍ စစ်ဆေးခြင်းဖြစ်ပါသည်။ သို့ပါ၍ ကုန်ပစ္စည်းများ ပိုမိုတင်ဆောင်၍ သွားလာခြင်းအတွက် မြို့ဝင်မြို့ထွက်နှင့် ခရီးလမ်းတစ်လျှောက်ရှိ တန်ပိုစစ်ဆေးရေးစခန်းများ၊ လမ်းအသုံးပြုခ ကောက်ခံသည့်စခန်းများကသာ စစ်ဆေး၍ သိရှိနိုင်မည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဝင်ရိုး ငါးချောင်းတပ် ပုံထုတ်ယာဉ်

(ယာဉ် + ကုန်= တန် ၆၀)

(အရပ်ခေါ် ၁၈ဘီးကား)



(ပုံ-၄)

မှတ်သားဖွယ်ရာမိုးရေချိန်

(၂၃-၉-၂၀၀၉)

နေပြည်တော်	၀ ဒသမ	၃၅ လက်မ
မိုးကုတ်	၃ ဒသမ	၅၄ လက်မ
မုဒုံ	၃ ဒသမ	၀၃ လက်မ
ပူတာအို	၂ ဒသမ	၈၀ လက်မ
မြောက်ဦး	၂ ဒသမ	၆၅ လက်မ
ကော့ကရိတ်	၂ ဒသမ	၂၄ လက်မ
သံတောင်ကြီး	၂ ဒသမ	၁၃ လက်မ

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အခြေခံပညာကျောင်းများ ၁/၂၀၀၉ ပန်းချီသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၉ရက်က အထက(၁)ရွှေပြည်သာစာရာခန်းမ၌ ကျင်းပရာ သင်တန်းဆင်းလက်ရာမွန်ရွေးချယ်ပွဲတွင် မြို့နယ်အဆင့် ပထမဆုရရှိသော အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းမှ မနော်ဆုခိုင်မျိုးဆင့်အား မြို့နယ်ပညာရေးမှူး ဦးညွန့်ရွှေက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီညွတ်ရေး မရမ်းကုန်းမြို့နယ်တွင် ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သတ်မှတ်စံ(၅)ရပ် ရှင်းလင်းပွဲကို စက်တင်ဘာ ၁၄ရက်က အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အဆောက်အအုံ

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သတ်မှတ်စံ(၅)ရပ်ဖြစ်သည့် စာဖတ်သူတိုးပွားရေး၊ စာအုပ်စာစောင်အသစ်တိုးပွားရေး၊ စာငှားစနစ် ကျင့်သုံးရေးနှင့် ကိုယ်ပိုင်အဆောက်အအုံရှိရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမှတ်(၄)ရပ်ကွက် ဥက္ကဋ္ဌ ဦးသာစိန်နှင့် စာကြည့်တိုက်ကော်မတီဝင် ဦးမျိုးဦးတို့က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးဆောင်ရွက်မှုကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရမည်းသင်း စက်တင်ဘာ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရမည်းသင်း)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် (ဦးစီးအရာရှိ) ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၅ရက်က ရန်ကုန်-မန္တလေးလမ်းမကြီး (ရမည်းသင်းမြို့အဝင်ယုဇနဂိတ်အနီး)ပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေး အရေးယူဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ) (သတင်းစဉ်)**

ဆေးရုံသုံးပစ္စည်း လောင်းလုံး၌လှူဒါန်း

လောင်းလုံး စက်တင်ဘာ ၂၃

လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော အောက်ဆီဂျင်နှင့် သွားစိုက်ခုံတို့အား လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များ၊ အလှူရှင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အဆိုပါ သွားစိုက်ခုံနှင့် အောက်ဆီဂျင်တို့အား လောင်းလုံးမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ ကြိုးပမ်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ဘောလုံးများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၃

ဘောလုံးများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ Fuji sawa Shonnan Rotary Club ဥက္ကဋ္ဌ Mr. Yukio Hodoshima က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘောလုံးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ပုံ)**ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီးတိန် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

တီးတိန် စက်တင်ဘာ ၂၃

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ စာဖတ်ဝိုင်းကို စက်တင်ဘာ ၂၂ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်း၌ ကျင်းပသည်။

ဖတ်ကြား

စာဖတ်ဝိုင်းတွင် စာထောက်-၃၊ ဒေါ်လျှန်းဒိုးကျိုန်က မြန်မာ့အလင်းသတင်းစာမှ စက်တင်ဘာ ၂၁ရက်ထုတ် ဆောင်းပါးရှင်တက္ကသိုလ်တင်လက်ျာ၏ ကမ္ဘာ့အိုဇုန်းလွှာနှင့်မြန်မာနိုင်ငံဆောင်းပါးကို လည်းကောင်း၊ စာရေးဒေါ်ဇင့်ခန့်အွပ်က ဒို့ကျေးရွာဂျာနယ်အတွဲ(၆)၊ အမှတ်(၁၇)မှ အမှားမြင်၍ အမှန်ပြင်နိုင် ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ်က ပြန်လည်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)



မြန်မာကရာတေးဒိုအဖွဲ့ တရုတ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၃

အာရှကရာတေးဒိုအဖွဲ့ချုပ်(AKF)နှင့် Chinese Karatedo Association တို့ကကြီးမှူး၍ စက်တင်ဘာ ၂၁ရက်မှ ၂၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Province,Foshan City ၌ ကျင်းပမည့် 9th AKF Senior Karatedo Championship and Congress ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအိုက်ယီခေါင်းဆောင်သော မြန်မာကရာတေးဒိုအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

လိုက်ပါ

မြန်မာကရာတေးဒိုအဖွဲ့အား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာကရာတေးဒိုအဖွဲ့တွင် နည်းပြအဖြစ် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်ဝင်းမြင့်၊ အမျိုးသမီးအုပ်ချုပ်သူတာဝန်ခံဆေးမှူး ဒေါက်တာအေးမြတ်လွင်နှင့် ကရာတေးဒိုအားကစားသမား ခုနစ်ဦးတို့ လိုက်ပါသွားကြသည်။

တက်ရောက်မည်

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယက ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)နှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာကရာတေးဒိုအဖွဲ့ခေါင်းဆောင် ဦးအိုက်ယီတို့သည် Asia Karatedo Federation Congress သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Fortune International Limited ၏ ပံ့ပိုးကူညီမှုတို့ဖြင့် စက်တင်ဘာ ၂၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဒေါက်တာထွန်းလွင်(မိုး၊ ဇလ)(ငြိမ်း)က ၂၀၀၉ခုနှစ် အယ်လ်နီညိုအကျိုးဆက်များနှင့် မြန်မာနိုင်ငံ၏ မြေငလျင် အလားအလာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြသည်။ **(သတင်းစဉ်)**

အထက(၁)ပဲခူး အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၃

အထက(၁)ပဲခူး(ယခင် ဟိုက်စကူးကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၁ရက် မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ အထက(၁) သီရိပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူ ကျောင်းသားကျောင်းသူများသည် ဦးဟုတ်စိန်(ကျောင်းအုပ်ကြီး၊ ငြိမ်း) ဖုန်း-၀၅၂-၂၁၈၉၉၊ ဒေါ်စမ်းစမ်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း) ဖုန်း-၀၅၂-၂၄၁၄၃၊ ဦးငွေရှိန် ဖုန်း-၀၅၂-၂၁၄၁၆၊ ဦးရှိန် ဖုန်း-၀၅၂-၂၁၄၅၃၊ ဒေါ်မင်း(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၂-၂၁၀၀၇နှင့် ဥက္ကဋ္ဌ(ပဲခူးအသင်း) ဖုန်း-၀၁-၂၇၈၃၀၅၊ ၂၈၂၅၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၇ရက်က အထက(၂) သီရိမြန်မာခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးညိုဝင်းက စုဆောင်းငွေပေါ်အတိုးနှင့် ဂုဏ်ပြုလက်ဆောင်တန်ဖိုးငွေကျပ် ၄၆၉၅၁၀၀ ကို အထက(၂)မှ ဆရာမ ဒေါ်ခင်စိုးစိုးမြင့်အား အသင်းသားများကိုယ်စား ပေးအပ်စဉ်။ (၁၀၀)

MNL Grand Royal 2009 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)

မန္တလေး စက်တင်ဘာ ၂၃

မန္တလေးမြို့ ဗထူးအားကစားကွင်း

ဒယ်လ်တာယူနိုက်တက် (မင်းမင်းသူနှင့် အယ်လဘတ်)	နှစ်ဂိုး။
ရတနာပုံ (ထွန်းထွန်းဝင်း-ပယ်နယ်တီ)	တစ်ဂိုး။

မိုင်းဖြတ်မြို့နယ် မိခင်/ကလေးအသင်း ကျေးလက်ကွင်းဆင်း၊ အသိပညာပေးဟောပြော ဆေးစိမ်ခြင်ထောင်လှူဒါန်း

မိုင်းဖြတ် စက်တင်ဘာ ၂၃

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီခွဲက နန့်နန်းကျေးရွာအုပ်စု၊ စံပြကချင်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် ပျိုးခင်း နေ့ကလေးထိန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာရှိ အသင်းဝင်များနှင့် တွေ့ဆုံ၍ ပညာပေးဟောပြောပွဲကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က သားဆက်ခြားနည်းလေးမျိုးအကြောင်း ရှင်းလင်းပြောကြားပြီး အသင်းဝင် ဒေါ်ရီဇားလျာက တီဘီရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒေါ်မိုးနီနီလွင်နှင့် ဒေါ်ရီဇားလျာတို့က နေ့ကလေးထိန်းကျောင်းအတွက် ဆေးစိမ်ခြင်ထောင်သုံးလုံး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူသည်။ **(အပေါ်ပုံ)** ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများအား အိုင်အိုဒင်းဆားနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေပြီး ကလေးငယ်များအား အာဟာရမုန့်များ ပေးဝေခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- နှာချေ၊ ချောင်းဆိုးပြီးချိန်၊
- လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊
- လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊
- မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊
- အစာမစားမီနှင့် စားပြီး ပြီးချိန်၊
- လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊
- ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ်တပ်ဆင်ရမည်၊
- ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊
- တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊
- ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊
- ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊
- ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် (Alcohol rub) ကို အသုံးပြုနိုင်သည်၊
- ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးနှင့် မန်ယူ နိုင်ပွဲဆက်ကြမည့် ပရီမီယာလိဂ်ပွဲစဉ်

မြင့်မောင်စိုး သုံးသပ်ရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

စပါးနှင့် ကစားသည့်ပွဲတွင် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။

လန်ဒန် စက်တင်ဘာ ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၇) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၆ရက် ညနေခင်းပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသော ချယ်လ်ဆီး၊ မန်ယူနှင့် လီဗာပူးတို့ ဆက်လက် အောင်ပွဲခံနိုင်မည်ဖြစ်သည်။

လျှော့တွက်၍မဖြစ်

မန်ယူကစတုတ်စီးတီး အိမ်ကွင်းသို့ သွားရောက် ကစားရမည်ဖြစ်သည်။ စတုတ်စီးတီးအသင်းသည် အိမ်ကွင်း၌ ချယ်လ်ဆီးတို့သွားရောက်ကစားစဉ်က အကြိတ်အနယ်ကစားပြီးမှ ချယ်လ်ဆီး အနိုင်ရရှိခဲ့ခြင်းဖြစ်၍ မန်ယူတို့စတုတ်စီးတီး၏ခြေစွမ်းကို လျှော့တွက်၍ မဖြစ်ပေ။

လူစားလဲကစား

လက်ရှိအနေအထား၌ မန်ယူတွင် အဓိကကစားသမားများ ထိခိုက်ဒဏ်ရာရသည့် ကစားသမားများမရှိချေ။ ထို့အပြင် တစ်ပွဲအပယ်ခံထားရသော ပေါလ်စခိုးလည်း ပြန်ပါလာမည်ဖြစ်သည်။ သို့သော် နည်းပြဖာဂူဆန်က လာမည့်စက်တင်ဘာ ၃၀ရက်တွင် ဝုဘတ်နှင့် ချန်ပီယံလိဂ် ကစားရမည်ဖြစ်၍ အဓိက ကစားသမားများကို အနားပေးဖွယ်ရှိသည်။

ချယ်လ်ဆီး

ဝီဂန်အသင်းသည် ပရီမီယာလိဂ်ခြောက်ပွဲကစားရာတွင် နှစ်ပွဲသာ အနိုင်ရထားသည်။ နိုင်ပွဲလိုအပ်နေခြင်းကြောင့် အိမ်ကွင်း၌ ချယ်လ်ဆီးကို ခံကစားလိမ့်မည်ဖြစ်သည်။ ချယ်လ်ဆီး၏ အဓိက တိုက်စစ်မှူးများဖြစ်သည့် အနယ်လ်ကာနှင့် ဒရော့ဘာတို့ပါဝင်ကစားမည်ဖြစ်သည်။ ဒရော့ဘာသည် ပြီးခဲ့သည့် စပါးနှင့် ကစားရာတွင် ဒဏ်ရာအနည်းငယ်ရခဲ့သည်။ သို့သော် ပါဝင်ကစားနိုင်မည်ဟု ဆိုသည်။ ချယ်လ်ဆီးအသင်းအနေဖြင့် ဝီဂန်အိမ်ကွင်း၌ အနိုင်ကစားလိမ့်မည်ဖြစ်သည်။

လီဗာပူး

လီဗာပူးအသင်းသည် ပြီးခဲ့သောအပတ်က ဝက်စ်ဟမ်းကို အကြိတ်အနယ်ကစားပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုသီတင်းပတ်တွင် လီဗာပူးတို့ အိမ်ကွင်း၌ ဟူးလ်စီးတီးနှင့် ကစားရမည်ဖြစ်သည်။လက်ရှိအနေအထားတွင် ဟူးလ်စီးတီးသည် ပရီမီယာလိဂ် ခြောက်ပွဲကစားရာ၌တစ်ပွဲသာ အနိုင်ရသေးသည်။သို့သော် လီဗာပူးကွင်းတွင် နိုင်ပွဲရရန် လွယ်ကူမည်မဟုတ်ပေ။ နည်းပြဘင်နီတက်ဇ်က အိမ်ကွင်း၌ရမှတ် သုံးမှတ်အမိအရ ရယူလိမ့်မည်ဖြစ်သည်။ လီဗာပူးတိုက်စစ်တွင် ဂိုးအများဆုံးသွင်းထားသော တောရက်စ် ဦးဆောင်ကစားဖွယ်ရှိသည်။

အာဆင်နယ်

ပြီးခဲ့သောပွဲစဉ်က ဝီဂန်ကို လေးဂိုးပြတ်ဖြင့်နိုင်ခဲ့သော အာဆင်နယ်က ယခုအပတ်တွင် ဖူလ်ဟမ်ကွင်းသို့သွားရောက်ကစားမည်ဖြစ်သည်။ ဖူလ်ဟမ်အသင်းအနေဖြင့် အိမ်ကွင်းကစားရမည်ဖြစ်၍ အနည်းဆုံး အာဆင်နယ်ကို ခံစစ်ဖြင့်ကစားနိုင်သည်။ အာဆင်နယ်က ခက်ခဲစွာ ကစားပြီးမှ ဖူလ်ဟမ်ကို အနိုင်ရနိုင်ဖွယ်ရှိသည်။ အာဆင်နယ်တိုက်စစ်တွင် ဖာဘရီဂတ်စ်၊ ဗန်ပါစီတို့ ဆက်လက်ဦးဆောင်ကစားမည်ဖြစ်သည်။

အခြားပွဲများ

ထိုနေ့တွင် အခြားပွဲများအဖြစ် ပို့စ်မောက်က အဲဗာတန်ကိုလည်းကောင်း၊ ဘလက်ဘန်းက အက်စ်တွန်ဗီလာကိုလည်းကောင်း၊ စပါးက ဘန်လေကိုလည်းကောင်း၊ ဘာမင်ဂမ်က ဘော်လ်တန်ကိုလည်းကောင်း အိမ်ကွင်းတွင် လက်ခံကစားမည်ဖြစ်သည်။ ဆန်းဒါးလန်းနှင့် ဝူလ်ဗာဟမ်တန်ပွဲမှာ စက်တင်ဘာ ၂၇ရက်တွင် ကစားပြီး မန်စီးတီးက ဝက်စ်ဟမ်းကိုအိမ်ကွင်း၌ စက်တင်ဘာ ၂၈ရက်တွင် လက်ခံကစားမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းသည်

ကင်မရွန်းတိုက်စစ်မှူး အီတူး ဘာစီလိုနာအသင်းမှ ပေါင်၂ ဒသမ ၇၅သန်း တောင်းဆို

စီးရီးအေကလပ် အင်တာမီလန်သို့ ပြောင်းရွှေ့သွားခဲ့သော ကင်မရွန်းတိုက်စစ်မှူး အီတူးက ဘာစီလိုနာအသင်းထံမှ ပြောင်းရွှေ့ကြေး၏ ၁၅ရာခိုင်နှုန်း နစ်နာကြေးရလိုမှုဖြင့် ပေါင် ၂ဒသမ ၇၅သန်း တောင်းဆိုလိုက်သည်။

ဆိုးလ်အိုးပင်း အမျိုးသမီး တင်းနစ်ပြိုင်ပွဲ ဩစတြီးယားတင်းနစ်မယ် ဘမ်မာ အနိုင်ရ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပလျက်ရှိသော ဆိုးလ်အိုးပင်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဩစတြီးယားတင်းနစ်မယ်ဘမ်မာက ရုရှားတင်းနစ်မယ် မာကာရိုဗာကို ၂-၆၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်နည်းပြ မော်ရင်ဟို ပွဲပယ်ခံရ

စီးရီးအေပွဲစဉ်အဖြစ် ကက်ဂလီယာရီအသင်းနှင့် ကစားသောပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအား ပြစ်တင်ဝေဖန်ခဲ့သည့် အင်တာမီလန်နည်းပြ မော်ရင်ဟိုအား တစ်ပွဲပယ်နှင့် ယူရို ၁၅၀၀၀ ဒဏ်တပ်လိုက်ကြောင်း စက်တင်ဘာ ၂၃ရက်က သတင်းထုတ်ပြန်သည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကမ္ဘောဒီးယားက အားကစားသမား ၆၆ဦးစေလွှတ်မည်

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမား ၆၆ဦး စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အားကစားဝန်ကြီးဌာနက စက်တင်ဘာ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

အိုဝင် ဒူးဒဏ်ရာရရှိခဲ့သော်လည်း လာမည့်ပွဲစဉ်များ၌ ပါဝင်နိုင်မည်

မန်စီးတီးနှင့်ပွဲတွင် လူစားဝင်ကစားပြီး အနိုင်ဂိုးသွင်းခဲ့သူ အိုဝင်ဒူးဒဏ်ရာပြန်ရရှိခဲ့သော်လည်း လာမည့်ပွဲစဉ်များ၌ ကစားနိုင်မည်ဖြစ်ကြောင်း မန်ယူ ကလပ်က စက်တင်ဘာ ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

ကာလင်းဖလား တတိယအကျော့ပွဲစဉ် ပရီမီယာလိဂ်အသင်းကြီးများ အနိုင်ရရှိ

ကာလင်းဖလား တတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၂၂ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီမီယာလိဂ်အသင်းများဖြစ်ကြသည့် လီဗာပူးက လီဒ်ယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းက ဘာမင်ဂမ်ကို နှစ်ဂိုး- ဂိုးမရှိ၊ အာဆင်နယ်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘော်လ်တန်က ဝက်စ်ဟမ်းကို သုံးဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိကြသည်။

ဒရော့ဘာနှင့် အနယ်လ်ကာအတွဲအား ပွဲစဉ်တိုင်းထုတ်သုံးမည်မဟုတ်ဟုဆို

ချယ်လ်ဆီးတိုက်စစ်တွင် အနယ်လ်ကာနှင့် ဒရော့ဘာအတွဲကို ပွဲစဉ်တိုင်း၌ ထုတ်သုံးသွားမည်မဟုတ်ကြောင်း၊ တစ်ဦးချင်း စွမ်းရည်ထက်မြက်သူများဖြစ်၍ အဓိကပွဲစဉ်များ၌သာ ထုတ်သုံးသွားမည်ဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက စက်တင်ဘာ ၂၃ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပူးတွဲအိမ်ရှင်အဖြစ် နယ်သာလန်နှင့် ဘယ်လ်ဂျီယံတို့ အဆိုပြု

လာမည့် ၂၀၁၈ခုနှစ် သို့မဟုတ် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပူးတွဲလက်ခံကျင်းပသွားရန် နယ်သာလန်နှင့် ဘယ်လ်ဂျီယံနှစ်နိုင်ငံတို့က စက်တင်ဘာ ၂၃ရက်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)သို့ အဆိုပြုလွှာ တင်သွင်းခဲ့ကြသည်။ *(အင်တာနက်)*

ဂျပ်စတင်းဟေနင် တင်းနစ်ပြန်ကစားမည်

ဘယ်လ်ဂျီယံ စက်တင်ဘာ ၂၃

၁၆လကြာ တင်းနစ်လောကမှ အနားယူခဲ့သော ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း ဂျပ်စတင်းဟေနင်က ၄င်းအနေဖြင့် ၂၀၁၀ပြည့်နှစ် တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

အသက်၂၇နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံ တင်းနစ်မယ် ဟေနင်သည် ဂရင်းဆလမ်ဖလားခုနစ်လုံးအပါအဝင် တစ်ဦးချင်းပြိုင်ပွဲမှ ဖလား၄၁လုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

သူမသည် တစ်နိုင်ငံတည်းသူ ကလစ္စတားတင်းနစ်လောကမှ နှစ်နှစ်ခွဲကြာ အနားယူပြီး ပြန်လည်ကစားရာ မကြာမီက ယူအက်စ်အိုးပင်းချန်ပီယံ ဂရင်းဆလမ်ဖလား ဆွတ်ခူးခဲ့ပြီးနောက် တင်းနစ်ပြန်ကစားရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကမ္ဘာကျော်စစ်တုရင်ချန်ပီယံများ ဖြစ်ခဲ့သော ကက်စပါရော့နှင့် ကာပေါ့ ပြန်လည်ကစားပြီ

ဗလင်စီယာ စက်တင်ဘာ ၂၃

ကမ္ဘာကျော် စစ်တုရင်ချန်ပီယံများဖြစ်ကြသည့် ဂါရီကက်စပါရော့နှင့် အနာတိုလီကာပေါ့တို့သည် စပိန်နိုင်ငံ ဗလင်စီယာမြို့၌ စက်တင်ဘာ၂၁ရက်မှ ၂၅ရက်အထိ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ယင်းတို့နှစ်ဦး ကမ္ဘာ့စစ်တုရင်ချန်ပီယံဆုကို ယှဉ်ပြိုင်လုခဲ့ကြပြီးနောက် ၂၅နှစ်အကြာတွင် ပြိုင်ပွဲပြန်လည်ကျင်းပခြင်းဖြစ်သည်။ ကက်စပါရော့သည် ယခုအခါ အသက်၄၆နှစ်ရှိပြီဖြစ်ပြီး နော်ဝေနိုင်ငံ၌ စစ်တုရင်ကလပ်တည်ထောင်၍ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

ကာပေါ့မှာ အသက်၅၈နှစ်ရှိပြီဖြစ်သည်။ စပိန်နိုင်ငံ ဂရင်းမာစတာအဖွဲ့တွင် နည်းပြတစ်ဦးအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ၁၉၈၅ခုနှစ်က ကက်စပါရော့သည် ကာပေါ့ကိုနိုင်ပြီး အသက်အငယ်ဆုံး ကမ္ဘာ့စစ်တုရင်ချန်ပီယံဖြစ်ခဲ့သည်။ ကာပေါ့သည် ၁၉၉၃ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ကမ္ဘာ့စစ်တုရင်ချန်ပီယံဆုကို စိုးမိုးထားနိုင်ခဲ့သည်။ ယင်းတို့နှစ်ဦး၏ ယခုပြိုင်ပွဲသည် အမြန်ရွှေ့ပုံစံနှစ်မျိုးဖြင့် ၁၂ပွဲ ကစားမည်ဖြစ်သည်။

(အင်တာနက်)

ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ထိပ်တန်းတင်းနစ်ကစားသမားများဆင်နွှဲမည်

ဗန်ကောက် စက်တင်ဘာ ၂၃

ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လာမည့်သီတင်းပတ်တွင် ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့ထိပ်တန်း တင်းနစ်ကစားသမား ၁၀ဦး ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ အမှုဆောင်ကော်မတီဥက္ကဋ္ဌ မစ္စတာဆူဝပ်လစ်တာပန်လော့က ပြောကြားသည်။

ပါဝင်

အဆိုပါတင်းနစ်ပြိုင်ပွဲသို့ ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ် ဒဏ်ရာရထား၍ မပါဝင်နိုင်သော်လည်း ပြင်သစ်တင်းနစ် ကစားသမားများဖြစ်ကြသည့် တီဆွန်ဂါနှင့် ဂျီလက်ဆီမွန်၊ ဖင်လန်မှ ဂျာကိုနီမင်နင်၊ ဂရင်းဆလမ်ချန်ပီယံ မာရတ်ဆာဖင်နှင့် ထိုင်းအိုးပင်း ဒုတိယဆုရ ဂျာမနီမှ ဘင်ဂျမင်ဘက်ကာအစရှိသော တင်းနစ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်။ ယင်းပြိုင်ပွဲကို စက်တင်ဘာ၂၆ရက်မှ အောက်တိုဘာ၄ရက်အထိ ကျင်းပပြီး ဆုကြေးအမေရိကန်ဒေါ်လာ ၆၀၈၅၀၀ ချီးမြှင့်မည်ဟု သိရသည်။

(အင်တာနက်)

တိုက်စစ်မှူးနစ္စတယ်ရွိုင်း ခြောက်ပတ်နားရမည်

မက်ဒရစ် စက်တင်ဘာ ၂၃

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်းသည် ဘယ်ဘက်ပေါင် ကြွက်သားဒဏ်ရာရထားသဖြင့် ခြောက်ပတ်ကြာ နားရလိမ့်မည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောကြားသည်။

အသက်၃၃နှစ်ရှိ နယ်သာလန် တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ဇီရက်(ဇ်)အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၄င်းသည် လာမည့် လာလီဂါဖလားငါးပွဲ၊ မာဆေး၊ အေစီမီလန်တို့နှင့် ကစားမည့် ချန်ပီယံလိဂ် နှစ်ပွဲ လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

သွင်းယူ

နစ္စတယ်ရွိုင်းသည် ၂၀၀၆ခုနှစ်က မန်ယူမှ ပြောင်းလာပြီး ရီးရဲမက်ဒရစ်အသင်းအတွက် ၄၆ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ မန်ယူတွင်လည်း ငါးနှစ်ကြာ ကစားခဲ့ပြီး ၉၅ဂိုး သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

အာကာကျော် စုစည်းသည်

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

တောင်ဖီလာဘိလပ်မြေစက်ရုံ (နေပြည်တော်လယ်ဝေး)စီမံကိန်းတွင် ဝန်ထမ်းများခန့်ထားရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ အလုပ်ရုံခွဲမှူး (အသက်-၃၀ အောက်)			
B.E (Mechanical)	-	၆ ဦး	(ကျား)
B.E (Chemical)	-	၂ ဦး	(မ)
B.E (MC)	-	၁ ဦး	(မ)
၂။ အလုပ်ရုံစုမှူး (အသက်-၃၀ အောက်)			
B.Tech (Mechanical)	-	၉ ဦး	(ကျား)
၃။ အလုပ်ရုံစိတ်မှူး (အသက်-၃၀ အောက်)			
A.G.T.I (Mining)	-	၂ ဦး	(ကျား)
A.G.T.I (Mechanical)	-	၈ ဦး	(ကျား)
A.G.T.I (Mech;/Elec;/Computer Basic)	-	၁၂ ဦး	(ကျား)
၄။ ကျွမ်းကျင်အဆင့်(၃)(အသက်-၂၅နှစ်အောက်)			
B.Sc (Chem;/IC)	-	၄ ဦး	(မ)
B.Sc (Geology)	-	၃ ဦး	(ကျား/မ)
B.Sc (Maths;/Physics)	-	၁၂ ဦး	(ကျား)
B.A	-	၃ ဦး	(ကျား/မ)
၅။ ကျွမ်းကျင်အဆင့်(၄) (အသက်-၂၅နှစ်အောက်)			
တက္ကသိုလ်ဝင်တန်းအောင်	-	၈၀	(ကျား)
၈/တက္ကသိုလ်ဝင်တန်း	-	၁၆၃ ဦး	(ကျား)

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၃)ပုံ၊ တစ်လအတွင်းရယူထားသော ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်အချက်အလက် ပြည့်စုံစွာဖော်ပြ၍ ၃၀-၉-၂၀၀၉ရက် နောက်ဆုံးထားပြီး Max Myanmar Co.,Ltd. အမှတ် ၁၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်း၊ ၂ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ တောင်ဖီလာ၊ သာဝတ္တိ၊ ရေနီ၊ မြို့လှ၊ နေပြည်တော်လယ်ဝေးရှိ ဒေသခံများဦးစားပေးခန့်ထားပါမည်။ (နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။)

ဖုန်း-၅၀၀၁၂၃၊ ၅၁၃၀၀၉၊ ၅၀၁၆၇၇
e-mail: HRmaxmyanmar@gmail:com.

ရှုး

Asst Reservation
Supervisor
Front Office Department
CHATRIUM Hotel
Yangon.

"၂၄-၉-၂၀၀၉" ရက်တွင် ကျရောက်သော ချစ်သမီး "ရှုး" ရဲ့ အသက်(၂၀)ပြည့်မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာတိုင်အောင် ချစ်သမီးဘဝ "လိုတရ" စေရန် အဖေ၊ အမေ၊ အစ်ကိုတို့က ဆုတောင်းမေတ္တာပြုပါကြောင်း-

အဖေ - ဦးသိန်းဟို (Bambi Confectionery)
အမေ - ဒေါ်မီမီသန်း
အစ်ကို - ကျော်ထက်အောင် (CE-29 IMT) SUNRISE

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (Euro) ဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
12(T)8/MR(MC) 2009-2010	(i) Self-propelled air conditioned upper class passenger coach(Day seat)	6 Nos
	(ii) Self-propelled air conditioned upper class passenger coach (Night berth)	6 Nos

ချိတ်ပိတ်တင်ဒါပိတ်ရက်/အချိန် ၃၁-၁၂-၂၀၀၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၁၀-၂၀၀၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၉၈၅၊ ၂၉၁၉၉၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ဝင်းလှိုင်၏ တိုယိုတာဟိုင်းလတ် ယာဉ်အမှတ် (ဒ/၆၃၆၄)၏ အခွန်ကျေစာရွက်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပေးပို့ပါရန်။

ဖုန်း-၀၉-၅၁-၆၄၈၃၆။

အမြန်ပြန်လာပါ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နယ်မြေ(၁)၊ မြသီတာလမ်း၊ အမှတ်(၁၇)၊ ကေကေဘော်ဒါဆောင်တွင် နေထိုင်သူ (ဘ) ဦးစိုင်းအိုက်ကော်(မိ) ဒေါ်နန်းခမ်းဆာတို့၏သမီးဖြစ်သူ မနန်းဟွမ်နွမ်း(ခ)နန်းယမင်းသည် ၁၀-၉-၂၀၀၉ရက် နံနက်ပိုင်းမှစတင် ပျောက်ဆုံးသွားပါ၍ အမြန်ပြန်လာပါရန်နှင့်သွေးဆောင်လက်ခံထားရှိသူများအား ဥပဒေအရ အရေးယူပါမည်။ တွေ့ရှိ၍ အကြောင်းကြားပေးသူများအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

နန်းအေးထိုက်၊ တောင်ကြီး၊
ဖုန်း-၀၉-၂၀-၅၃၁၄၁၊ ၀၈၁-၂၁၉၁၄။

မောင်သွေးချွန်နှင့် ဒေါက်တာနိုက်တင်ဂေးလ် စုစည်းစီစဉ်သည်

ဘေးအပေါင်း အေးကြောင်း နဘယ်

အမှတ်(၃) အောက်တိုဘာ ထွက်ပြီ

* မဟာစည်ဆရာတော်နှင့်နတ်ရထားများ ဆိုက်ရောက်လာခြင်း* ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ နဘယ်ကျင့်စဉ်* ကေလာသလေးကျွန်းတောင်ဆရာတော်၏ အကျင့်လမ်းညွှန်*ပြည်ဆရာဦးဝေပုလ္လ၏ ပထမံဂါထာ*သက်ရှည်ကျန်းမာ အကြံအောင်လာဘ်ပွင့်အဓိဋ္ဌာန်*ဝိပဿနာလုပ်ငန်းခွင်* ယုန်ရဲ့ ဗိုက်ပေါ်ကရတဲ့ဂါထာ * စကြ္ကာပါလရသေ့ကြီး*စောမွန်လှ ခြေရာကောက် * ဘီလူးသဘက်အန္တရာယ် ကာကွယ်နည်း*သေမင်းမကြောက် ဤလေးယောက်*ခန္တီစေတီပုတီးစိပ်နည်းနှင့် အောင်မြင်ရေး* မိုးကြိုးလက်နက်လွှဲဂါထာ*တကောင်းရဲ့မပေါင်းသောရုပ်ပုံလွှာ*ရေအောက်သုတေသနပညာ* အကြံကောင်းနှင့်အဓိဋ္ဌာန်အောင်စေရာ*ကျန်းမာရေးနှင့်ဆေးသုတ*သမထဝိပဿနာဆိုင်ရာ ဖတ်စရာမှတ်စရာ သိစရာကျင့်စရာများဖြင့်

အလင်္ကာဝတ်ရည်စာပေ-အမှတ်၂၈၀၊ ၃၉လမ်း(အထက်)ရန်ကုန်၊ ဖုန်း-၃၉၁၄၇၂၊ ၃၉၂၅၀၇။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သန်းသန်းညွန့် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ၉၀၃၃၃၆သည် ပျောက်ဆုံးသွားပါ၍ အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၂၈၃၂၇။

ဥတုရာသီ တောကိုမှီ၏

စပ်မျိုးစပါး၊ ချည်မျှင်ရှည်ဝါ လက်တွေ့သရုပ်ပြစိုက်ပျိုး

မူဆယ် စက်တင်ဘာ ၂၃

မူဆယ်ခရိုင် မူဆယ်မြို့နယ် ကြူကုတ် (ပန်ဆိုင်း)မန်ခုံကန်ကျေးရွာ စိုက်ပျိုးရေးခြံ ရှေ့တန်းစခန်းတွင် ကမာမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးသီးနှံကွင်းပြပွဲနှင့် ချည်မျှင်ရှည်ဝါ လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်၉နာရီကပြုလုပ်ရာ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်က အမှာစကားပြောကြားသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် ကမာမျိုးစေ့ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန်းမောင်က စပ်မျိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး စပါး၊ ဝါနှင့် ပြောင်းစိုက်ခင်းများ၊ ချည်မျှင်ရှည်ဝါ လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများကို လေ့လာကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၌ ၁၃၇၁-၇၂ခု ပညာသင်နှစ် သာသနတက္ကသီလဓမ္မာစရိယ(ပထမနှစ်)သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခု အောင်မြင်ပြီးသော အသက်(၃၀)၊ သိက္ခာ(၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဖြေဆိုကြရမည်

ဝင်ခွင့်လျှောက်ထားသော ရဟန်း သာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်း၊ အဘိဓမ္မာ ဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာတစ်ခု ပါဠိဘာသာရပ်မေးခွန်းလွှာ တစ်ခု၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာတစ်ခုတို့ကို တစ်ရက်စီ ဖြေဆိုကြရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလွှာများကို ၁၃၇၁ခု သီတင်းကျွတ်လပြည့်ကျော် ၃ရက် (အောက်တိုဘာ၆ရက်) အင်္ဂါနေ့မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး ၁၃၇၁ခု တန်ဆောင်မုန်းလဆန်း ၇ရက် (အောက်တိုဘာ၂၄ရက်) စနေနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများတွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသော အချက်များကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၊ မော်ကွန်းထိန်းရုံး(ဖုန်း-၀၁-၆၆၅၃၆၂၊၀၁-၆၆၂၉၉၇)၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး(ဖုန်း-၀၁-၆၆၄၃၉၅)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး(ဖုန်း-၀၂-၆၆၉၀၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းခတ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၃

မိုင်းခတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ မိုင်းခတ်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနောင်၊ မြို့နယ်ပညာရေးမှူး ဦးတင်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးလှမြင့်က ဆောင်ရွက်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၀ ကတ်ကို ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ကွင်းဆင်း

ထို့နောက် ပြည်နယ်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများသည် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စုနှင့် ဝမ်နောင်လုံကျေးရွာအုပ်စု အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

နဒီနက္ခတ်မင်္ဂလာ အခါပေးပြက္ခဒိန်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ နက္ခတ်ပညာရှင်များအဖွဲ့ နဒီနက္ခတ်ဗေဒင်သင်တန်းကျောင်းမှ နှစ်စဉ်ထုတ်ဝေသော အစိမ်းရောင်ပြက္ခဒိန်တွင် ရှောင်ရန်ဆောင်ရန်အခါရွေးထားသော ရက်များ၊ တောင်သူလယ်သမားပျိုးကြဲရက်၊ အခါကောင်းရက်များနှင့်အတူ မိမိကံဇာတာ လင်္ဂအဟောများ ဇာတာတွက်ရန်မလိုဘဲ မိမိလင်္ဂကိုသိရှိနိုင်မည့် နည်းများ ပါရှိသည်။

ဌာနဆိုင်ရာများ၊ တက္ကသိုလ်များနှင့် ပြည်နယ်နှင့်တိုင်းများမှ နက္ခတ်ပညာသင်ယူ လိုသူများအား ပညာဒါနပေးလျက်ရှိပြီး နဒီနက္ခတ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည် ကြည်စိန် အမှတ် ၂၄၆ ပင်လုံထိပ်ထားစံအိမ် အထက်ပန်းဆိုးတန်း ဖုန်း-၀၉-၅၃-၁၀၆၂၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထပ်ပိုးလွှာခင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စုပေါင်းရုံးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ စက်တင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(၁၂၃)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့ဝင်မြောက်ဘက် ဆိုင်းဘုတ်တွင် မြေယာရှုခင်း ပြုလုပ်ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၁၇ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော ညောင်ကုန်းကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေးနှင့်မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပွင့်ဖြူ၌ကျင်းပ

ပွင့်ဖြူ စက်တင်ဘာ ၁၉

ပွင့်ဖြူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး၊ အာဟာရပြည့်ဝသည့် အစားအစာချက်ပြုတ်ပြသခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ပံ့ပိုးပစ္စည်းပေးအပ်ခြင်းနှင့် ဂုဏ်ပြုဆုပေးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ဩဂုတ် ၂၄ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှဋ္ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်တင်နှောင်းက ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမှုတသည့် အစားအစာ ပြင်ဆင်ချက်ပြုတ်ပြသခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆန်းသူရအောင်သိန်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး အိုင်အိုဒင်းဆား စမ်းသပ်စစ်ဆေးပြီး တာဝန်ရှိသူများက စံပြနို့တိုက်မိခင်လေးဦးနှင့်စာစီစာကုံး ဆုရရှိသူကိုးဦးအား ဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး စစ်ကိုင်း၌ ရှောင်တခင်စစ်ဆေး

စစ်ကိုင်း စက်တင်ဘာ ၂၀

စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်၊ စစ်ကိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးလေးနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုး၊ အတွင်းရေးမှူး ဦးတင်မောင်အုန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ရက်က မန္တလေး-ရွှေဘို-မုံရွာ ကားလမ်း၊ စစ်ကိုင်းမြို့ အဝိုင်းပတ်အနီးတွင် ခရီးသည်တင်ယာဉ်များ ကြွံခိုင်မှုရှိ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်းရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရေးအတွက် စက်တင်ဘာ ၁ရက်က အမှတ်(၁)ရပ်ကွက်၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်၌ မိုးစပါးစိုက်ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

ရေစကြို စက်တင်ဘာ ၁၈

မကွေးတိုင်း ရေစကြိုမြို့နယ်တွင် ၂၀၀၉-၂၀၁၀ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၃၅၀၃၂ ဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရန်အတွက်ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရာ ရေစကြိုမြို့ အနောက်အုပ်စု ဝါယာ-သာစည် မြစ်ရေတင်စိုက်ပျိုးရန်ဧက ၂၃၀၀ လျာထားသတ်မှတ်မှုအပေါ် ယခုအချိန်အထိ ၂၃၀၇ ဧက စိုက်ပျိုးပြီး ဖြစ်သည်။

အဆိုပါ မြစ်ရေတင်ဧရိယာ ကွင်းအမှတ်(၉၉) ဦးပိုင်အမှတ် (၁၆၉/၁၇၀) တောင်သူကြီးများ ဖြစ်ကြသော ဦးပြေအေးနှင့်ဦးဖိုးလုံးတို့၏ ဧရိယာတစ်ဧကရှိ လယ်ကွက်တွင် စိုက်ပျိုးထားသော အဆင့်မီ ထွန်းသီရိစပါးမျိုးသည် ရက်ပေါင်း ၈၅ ရက်ဖြင့် စက်တင်ဘာ ၅ ရက်နှင့် ၆ရက်များတွင် ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင်ပျမ်းမျှအထွက်နှုန်း ၈၂တင်း ထွက်ရှိခဲ့ပြီး ရေစကြိုမြို့နယ် ဝါယာ-သာစည်မြစ်ရေတင်ဧရိယာ၌ စိုက်ပျိုးထားကြသော မိုးစပါးများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အပြင် ၂၀၀၉-၂၀၁၀ တွင် မိုးစပါးစိုက်ပျိုးရန် လျာထားသတ်မှတ် ဧကထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြကြောင်း သိရသည်။

(ဝဇ၉)

တောင်ကုတ်မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စာဖတ်ဝိုင်းဆွေးနွေး

တောင်ကုတ် စက်တင်ဘာ ၁၇

သံတွဲခရိုင် တောင်ကုတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများအား စာပေဗဟုသုတပြည့်စုံစေရန်နှင့် အရည်အသွေးမြင့်မားစေရေးအတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်၁၀နာရီက မြို့နယ်ရုံးစာကြည့်တိုက်၌ ကျင်းပသည်။

ဖတ်ကြား

ဆွေးနွေးပွဲတွင် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်မြတ်မိုး၏ စာဖတ်ရှိန်မြှင့်တင်ဖို့ ရပ်ရွာပညာပဒေသာဌာနဖွဲ့ကြစို့ ဆောင်းပါးကို စာထောက်(၃) ဒေါ်ခင်သီရိဟေမာန်၊ ရပ်သံကျွမ်းကျင်(၃)(အင်အားပြ) ဒေါ်ခိုင်ဇာလင်းနှင့် ငယ်/ရေး ဒေါ်ဝင်းမြသန်းတို့က ဖတ်ကြားတင်ပြကြသည်။

ဆွေးနွေး

အဆိုပါ ဖတ်ကြားဆွေးနွေးမှုအပေါ် ဓာတ်ပုံ-၂(အင်အားပြ) ဦးကျော်သူရက ဆောင်းပါးရှင်၏ ဆိုလိုရင်းကို ဆွေးနွေးတင်ပြပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက ဖြည့်စွက်သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန်ကြီးထောင့်မြို့နယ် မိချောင်းဂေါင်းအုပ်စု အညာစုကျေးရွာ အလင်းအိမ်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဩဂုတ် ၂၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းပွဲ ဆွေးနွေး

ကျောက်တလုံးကြီး စက်တင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင် (၃) ဒေါ်နှင်းရီတို့သည် စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီက နောင်ကားကျေးရွာအုပ်စု လုံကားအမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် စာဖတ်ဝိုင်းပွဲဆွေးနွေးပွဲကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဩဂုတ် ၁၉ရက်က အောင်ဇေယျလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ ရေမြောင်းများ၊ ဖြတ်မြောင်းများနှင့် ပလက်ဖောင်းကပ်တုံးများမှ မြက်များနှင့် အမှိုက်များအား အဖွဲ့ဝန်ထမ်းများဖြင့် ရှင်းလင်းနေမှုကို ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာတတ်မြောက်ရေးနေ့ မိုးညှင်း၌ကျင်းပ

မိုးညှင်း စက်တင်ဘာ ၁၃

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉နာရီက အထက(၂) မြတ်သရဖူခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်ဝင်းက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ ဆက်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြလမ်း ပြည်သာယာ(၂၃)လမ်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကချင်ပြည်နယ် တရားမရုံးတော်၌ ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဦးလဖာဇေလွမ်း(ခ) ဇယ်လွမ်း **နှင့်** ဒေါ်ဂျာရော်
တရားလို **တရားပြိုင်**

မြစ်ကြီးနားမြို့၊ အိမ်အမှတ်-၂၈၀၊ ယုဇနရပ်ကွက်နေ တရားပြိုင် ဒေါ်ဂျာရော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ချေးငွေကျပ် ၇၅သိန်းနှင့် နစ်နာကြေးငွေကျပ် သိန်း ၃၀ ပေါင်း ငွေကျပ် ၁၀၅သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် အောက်တိုဘာ ၅ရက် (၁၃၇၁ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို့စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တူးဂျာ
ပြည်နယ်တရားသူကြီး
ကချင်ပြည်နယ်တရားရုံး။

FAME Royal Jelly®
Antiaging agent
ISO 9001 : 2000
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ/၆၊ ဦးပိုင်အမှတ် (၉)၊ ၆၈လမ်း×၆၉လမ်း၊ ပျူစောထီးလမ်း ဦးတင်နွယ် အမည်ပေါက်မြေကွက်အား ဒေါ်မြနှင်းဝေ ၁၂/မရတ(နိုင်)၀၈၀၉၅၂က အမှုတွဲအမှတ် ၀၉၁၂/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

Chinese Language

တရုတ်စကားပြောနှင့်အရေးအသား
အချိန်တိုတို အမြန်တတ်လိုသူများ
အိမ်တိုင်ရာရောက်သင်ကြားပေးသည်။
တရုတ်၊ မြန်မာ၊ အင်္ဂလိပ်
စကားပြန်
အမြန်ဆောင်ရွက်ပေးသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၀-၃၉၉၆၂
(ရန်ကုန်)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၉၀၅ ယာဉ်လက်ဝယ်ရှိသူဦးယဉ်မျိုးအောင် ၉/ခမစ(နိုင်) ၀၀၅၉၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ပျောက်ဆုံးကြောင်း

ကျွန်တော် မြတ်ကိုကို C.D.C 49662 ၏ E.D.H No. 2235/01မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၁၄၈၀၆။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဗ/၁၀၆၀၉ GGO 001/M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၅/ဘတလ (နိုင်) ၀၀၈၃၆၈ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)။

မူးယစ်ကင်းစင်
အလှဆင်

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၃

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** **(မြန်မာ့အလင်း)**

အမည်ပြောင်း

အဖ ဦးထွန်းရှိန်၏သမီး အထက(၂) ဒဂုံ(ဆိပ်ကမ်း)မှ မခိုင်စင်ဖြိုးအား မခိုင်သဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မိုးညှင်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(ဂ)မှ မရီရီနိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင် ၉/မထလ(နိုင်) ၁၂၈၈၂၆ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရေတာရှည်မြို့နယ် မြို့လှမြို့နေ ဦးကျော်လှ၏သမီး မယုယုခိုင် ၇/ရတရ(နိုင်)၀၁၅၅၃၈အားယနေ့မှစ၍ မဝင့်ဝင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဝင့်ဝင့်အောင်။**

အမည်ပြောင်း

အဖ ဦးမျိုးမြင့်လွင်၏သမီး ကျိုင်းတုံမြို့ အထက(၂) စတုတ္ထတန်း(A)မှ မျိုးသုသံစဉ်အား မျိုးသုသဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။
မျိုးသုသဒ္ဒါ။

ရောင်းမည်

Mazda B 600 ၃က/…
ဂါလန် ၄၀၊ သန်လျင်လိုင်စင်
ဖုန်း-၀၉-၅၀-၂၆၂၁၉၊
၀၁-၅၃၄၅၂၈။

အာစရိယပူဇော်ပွဲ

အထက(၁)လှိုင်သာယာ၏ ပဌမအကြိမ်မြောက် အငြိမ်းစားဆရာ ဆရာမကြီး၊ ကျောင်းအုပ်များနှင့် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်…

ပြုလုပ်မည့်ရက် - ၄-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့)
နေရာ - အထက(၁)လှိုင်သာယာ
ဆက်သွယ်လှူဒါန်းရန် -
ဦးစန်းယု ဖုန်း-၇၀၆၂၃၀
ဦးစန်းဦး ဖုန်း-၀၉-၈၆-၁၈၂၀၂
ဦးအေးနိုင် ဖုန်း-၆၄၅၁၁၃

ဖြစ်မြောက်ရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၂၈၈၈၉ Honda CG 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၈/ခမန(နိုင်)၁၁၇၀၃၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၀၊ ဦးပိုင်အမှတ် ၁၄.ည/၂(ခဲစင်း)စိန်ပန်းလမ်း×မဟာစည်ရိပ်သာလမ်း မောင်ဟံမြ-ပါ(၂) အမည်ပေါက်မြေကွက်အား ဦးသက်နောင်-ပါ(၂) ၉/မတလ(နိုင်)၀၀၀၂၀၈က အမှုတွဲအမှတ် ၀၂၈၀/ဘ(ခွဲ၊ပြောင်း)/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ/၆၊ ဦးပိုင်အမှတ် (၈)၊ ၆၈လမ်း×၆၉လမ်း၊ ပျူစောထီးလမ်း ဦးအောင်ကျော်သိန်း အမည်ပေါက်မြေကွက်အား ဒေါ်မြနှင်းဝေ ၁၂/မရတ(နိုင်)၀၈၀၉၅၂က အမှုတွဲအမှတ် ၀၉၁၁/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကုန်ကြမ်းများသယ်ပို့ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သန်လျင် ဖန်ချက်စက်ရုံနှင့် ပုသိမ် မှန်စက်ရုံတို့အတွက် Soda Ash Dense (4800) MT နှင့် အဆင့်မြင့်မီးခံအုတ်စက်ရုံများအတွက် မီးခံအုတ်ကုန်ကြမ်းများ သယ်ပို့ပေးရန် ချိပ်ပိတ်တင်ဒါများ ခေါ်ယူလိုပါသည်။

(က) **တင်ဒါခေါ်ရက်** - ၂၂-၉-၂၀၀၉ ရက်
(ခ) **တင်ဒါပိတ်ရက်** - ၃၀-၉-၂၀၀၉ ရက်

၂။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော စေတီယင်္ဂဏ ပရိယတ္တိမွှောနုဂ္ဂဟ စာလျှောက်မေးပွဲ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၉၂)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိမွှောနုဂ္ဂဟ စာလျှောက်မေးပွဲကို (၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော်၄ရက်မှ နတ်တော်လပြည့်ကျော်၁၀ရက်) ၅-၁၂-၂၀၀၉ ရက် (စနေနေ့) မှ ၁၁-၁၂-၂၀၀၉ရက် (သောကြာနေ့)အထိ ကျင်းပသွားမည် ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသည့် ရဟန်းတော်များသည် စာလျှောက်မေးပွဲ ဝင်ခွင့်ပုံစံများကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် ထုတ်ယူပြီး (၁၃၇၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၁-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ ဘုရား။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးသန်းပို-ကျွန်မ ဒေါ်အေးအေးတို့၏သား မောင်သန်းမင်းထက်(ခ)သားထက် ၁၀/ရမန(နိုင်)၁၃၈၂၁၆သည် မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲမှု အမျိုးမျိုးပေးနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ **ဦးသန်းပို-ဒေါ်အေးအေး**
အမှတ်(၄၃)B၊ မြေညီထပ်၊ ရွှေလောင်းလမ်း၊ စမ်းချောင်း။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးအောင်ကျော်ဇော ၉/မရမ(နိုင်) ၀၉၀၉၇၀ နှင့် ကျွန်မ ဒေါ်စန်းထွေး ၉/ပဥလ(နိုင်)၀၀၂၃၉၈ တို့သည် ၂၆-၄-၂၀၀၉ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ဇော
ဒေါ်စန်းထွေး။

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကျုံဒိုး ဇက်ဆိပ်အဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြူကုတ်(ပန်ဆိုင်း)အထက၌ စာပေဟောပြော

ကြူကုတ်(ပန်ဆိုင်း) စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကြူကုတ် (ပန်ဆိုင်း)မြို့ အထကခန်းမဆောင်၌ စက်တင်ဘာ ၁၇ရက်က စာပေဟောပြောပွဲကျင်းပရာ ရှေးဦးစွာ ကြူကုတ်(ပန်ဆိုင်း)မြို့မ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ လှူဒါန်းသော မူဆယ်မြို့နယ် မဂ္ဂဇင်းများကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအမှုဆောင် ကဗျာဆရာမျိုးခိုင်(မူဆယ်)က ပေးအပ်ရာ ဦးကိုကိုအောင် **(ဝဲပုံ)**က လက်ခံယူပြီး စာရေးဆရာ သိန်းဇော်(ရွှေလီဦး)က သုတရသ စာအုပ်များနှင့် ကဗျာဆရာ၊ စာရေးဆရာ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)က ကဗျာစာအုပ် မျိုးစုံကို ပေးအပ်လှူဒါန်းရာ မြို့မမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ညွှန့်ညွှန့်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မူတို့က လက်ခံယူကြသည်။

ဆက်လက်၍ စာပေဟောပြောပွဲကျင်းပရာ သိန်းဇော်(ရွှေလီဦး)က ကျွန်တော့်ဘဝ ကျွန်တော့်ရင်ထဲကစာပေ၊ မျိုးခိုင်(မူဆယ်)က လူငယ်နှင့်ရည်မှန်းချက်၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)က ရသနှင့် အလင်္ကာခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေစည်းခုံဘုရားလမ်း ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၂ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှေးဦးပြုစုခြင်းနေ့ ဟားခါး၌ ကျင်းပ

ဟားခါး စက်တင်ဘာ ၁၇

၂၀၀၉ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၂ရက်နံနက်၉နာရီက ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံ၌ကျင်းပရာ ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ကြက်ခြေနီအကြောင်း သိကောင်းစရာများ ပြောကြားပြီး ချင်းပြည်နယ်မှ ထူးချွန်ကြက်ခြေနီများအား ဆုချီးမြှင့်သည်။

(ပြည်နယ် ပြန်/ဆက်)

ဩဂုတ်၂၉ ရက်ကပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှခရိုင်ပျိုးဥယျာဉ်အတွင်း ပန်းမျိုးများ စိုက်ပျိုးရန် မြေပြုပြင် နေမှုကို အမှုဆောင်အရာရှိ ဒုတိယ ညွှန် ကြား ရေးမှူး ဦးတင်ဝင်း ကြီးကြပ် ဆောင်ရွက် ပေးစဉ်။
(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ပြည်ပနိုင်ငံသားခံယူပြီး မိမိနိုင်ငံနှင့် လူမျိုးအပေါ် သစ္စာမဲ့စွာ ပြည်တွင်း၌ ဆူပူအုံကြွမှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဖြစ်ပွားစေရန် စီစဉ်ချိတ်ဆက်ဆောင်ရွက်ခဲ့သူ ညီညီအောင် (ခ) ကျော်ဇောလွင်အား ဖမ်းဆီးရမိ

ဆန့်ကျင်ဘက်အုပ်စုများ၏ ၂၀၀၉ ခုနှစ်အတွင်း ဆူပူအုံကြွမှုဖြစ်ပေါ်လာစေရန်နှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ရန် ပြည်တွင်းပြည်ပ ချိတ်ဆက်စီစဉ်ဆောင်ရွက်ထားမှုများ ဖော်ထုတ်ရရှိ

နေပြည်တော် စက်တင်ဘာ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူတို့အနေဖြင့် မိမိတို့ လူမှုပတ်ဝန်းကျင်အတွင်း အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာနိုင်သည့် ပြည်တွင်း/ပြည်ပ ဆူပူလှုပ်ရှားလိုသူများ၊ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းနိုးဆော်ခဲ့သည်။

ပြည်တွင်း၌ ဆူပူအုံကြွမှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဖြစ်ပွားစေရန် စီစဉ်ချိတ်ဆက်ဆောင်ရွက်ခဲ့သူ ညီညီအောင် (ခ) ကျော်ဇောလွင်။

(သတင်းစဉ်)

ဖမ်းဆီးရမိ

နိုင်ငံတော်အစိုးရ၏ တိုက်တွန်းနိုးဆော်ချက်အပေါ် အလေးထားပူးပေါင်းဆောင်ရွက်ခဲ့သည့် တာဝန်သိပြည်သူများ၏သတင်းပေးချက်အရ All Burma Student's Democratic Front (ABSDF) သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်း၍ ပြည်တွင်းအဖျက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်အစည်းအရုံး All Arakan Students and Youth Congress (AASYC) အဖွဲ့မှ ပြည်တွင်းရှိ ယူဂျီအဖွဲ့ဝင်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ၂၀၀၉ ခုနှစ်၊ စက်တင်ဘာပထမပတ်အတွင်း ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻